أيها العلماء الكرام !
تعاونوا على إنقاذ الأمة المسلمة ـ المسكينة
التي لاتعلم حقائق الأمر ـ من الضلالة

အို . . . ကြည်ညိုလေးစားအပ်ပါသော
သာသနာ့ပညာရှင်များခင်ဗျာ
အဖြစ်အမှန်တွေကိုမသိရှာကြသည့် သနားစရာကောင်း
သောမွတ်စလင်မ်အွမ္မသ်ကို လမ်းမှားမှကယ်တင်ရေးတွင်
ဝိုင်းဝန်းကူညီကြပါ။

تأليف:

الشيخ المفتى سراج الدين القاسمي

ရှိုက်ခ်မွဖ်သီစေ့ရာဂျုဒ္ဒီးန်အလ်ကာစေ့မီ

ရန်ကုန်

بسم الله الرحمن الرحيم

ဦးစွာသိအပ်သည့်အချက်

(إِرَادَةٌ နှင့် مَشِيْئَةٌ)သည် (အလိုတော်ဟူသည့်) အဓိပ္ပါယ်တစ်မျိုးတည်းဖြစ်ကြောင်း အေမာမ်ရှာဖေ့အီ رحمه الله သခင်က အမိန့်ရှိခဲ့သည်။

ရှရဟ်အကာအေ့ဒ္ဒေနစဖီကျမ်းတွင်လည်း အလ္လာဟ်အရှင်၏ (မရှီအသ် နှင့် အေ့ရာဒဟ်)၏အဓိပ္ပါယ်သည် ထိုအရှင်၏(အလိုတော်ဟူသည့်) အဓိပ္ပါယ်တစ်မျိုးတည်းဖြစ်ကြောင်း ဖော်ပြထားပေသည်။

أخبرنا أبو سعيد بن أبي عمرو ، قال: نا أبو العباس الأصم. قال: أنا الربيع بن سليمان قال: قال الشافعي رضي الله عنه : المشيئة إرادة الله عزّ وجلّ، قال الله عزّ وجلّ: ﴿وَمَا تَشَاءُوْنَ إِلَّا أَنْ يَشَاءَ اللّٰهُ﴾ (سورة الإنسان، الآية: ٣٠). (الإعتقاد والهداية إلى سبيل الرشاد للحافظ الإمام أبي بكر أحمد بن الحسين البيهقي، ص ٨١).

(وهي) أي أفعال العباد كلها، (بإرادته ومشيئته) تعالى وتقدس، وقد سبق أنهما عندنا عبارة عن معنى واحد. (شرح العقائد النسفية مع بيان الفوائد، ج٢، ص٣٨).

(اور وہ) یعنی تمام افعال عباد (اللہ تعالی کے ارادہ اور مشیت کے سبب موجود ہیں) اور پہلے گزر چکا ہے کہ ان دونوں سے مراد ہمارے نزدیک ایک ہی معنی ہیں. (بیان الفوائد، ج ۲، ص ۳۸).

ကုရ်အာန်ကျမ်းတော်မြတ်တွင်လာရှိသောအလ္လာဟ်အရှင်၏ အလိုတော်(၂)မျိုးအကြောင်း

အဟ်လွတ်စ်စွန္နသ်ဝလ်ဂျမာအသ်၏ထိပ်သီးသုခမိန်ပညာရှင်ကြီးများက ဤသို့အမိန့်ရှိထားကြသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင်

အလ္လာဟ်အရှင်၏အလိုတော်(၂)မျိုးလာရှိသည်။ ထိုအကြောင်းကို စနစ်တကျရှင်းလင်းတင်ပြထားကြသည်။

والمحققون من أهل السنة يقولون: الإرادة في كتاب الله نوعان: إِرَادَةٌ قَدَرِيَّةٌ كَوْنِيَّةٌ خَلْقِيَّةٌ، وإِرَادَةٌ دِيْنِيَّةٌ أَمْرِيَّةٌ شَرْعِيَّةٌ.

فالإرادة الشرعيّة: هي المتضمنة للمحبة والرضى. كقوله تعالى: ﴿ **يُرِيدُ اللَّهُ بِكُمُ الْيُسرَ وَلَا يُرِيدُ بِكُمُ الْعُسرَ** ﴾....إلخ.

والكونية: هي المشيئة الشاملة لجميع الحوادث.و هذا كقوله تعالى:﴿ **فَمَن يُرِدِ اللَّهُ أَن يَهدِيَهُ يَشرَح صَدرَهُ لِلإِسلَامِ ... إلخ** ﴾.(شرح العقيدة الطحاوية، ج١، ص٧٩،٨٠).

ပထမအလိုတော်အကြောင်း

၁။ (إِرَادَةٌ دِيْنِيَّةٌ أَمْرِيَّةٌ شَرْعِيَّةٌ) ရှရီအသ်တရားတော်နှင့်ပတ်သက်သည့် အမိန့်ပေး စေခိုင်းမှုပါရှိသောသာသနာရေးဆိုင်ရာအလိုတော်။

ဤပထမအမျိုးဖြစ်သော (إِرَادَةٌ دِيْنِيَّةٌ أَمْرِيَّةٌ شَرْعِيَّةٌ) ရှရီအသ်တရားတော်နှင့်ပတ်သက်သည့် အမိန့်ပေး စေခိုင်းမှုပါရှိသောသာသနာရေးဆိုင်ရာအလိုတော်တွင် အလ္လာဟ်အရှင်၏ကျေနပ်နှစ်သက်မှု ဆက်နွယ်ပတ်သက်လျက်ရှိပေသည်။

ကျမ်းတော်မြတ်ကုရ်အာန်တွင် ပထမအမျိုး၏အထောက်အထား ဤသို့လာရှိပေသည်။

﴿ **يُرِيدُ اللَّهُ بِكُمُ الْيُسرَ وَلَا يُرِيدُ بِكُمُ الْعُسرَ** ﴾ (سورة البقرة، الآية:١٨٥).

အလ္လာဟ်အရှင်မြတ်သည် အသင်တို့အတွက် သက်သာချောင်ချိမှုကို အလိုရှိတော်မူပေသည်။ အသင်တို့အတွက် ခက်ခဲမှုကိုကား (အလျှင်း)လိုလားတော်မူသည်မဟုတ်ချေ။ (စူရသွလ်ဗကရဟ်၊ အာယသ် ၁၈၅)

ကုရ်အာန်ကျမ်းမြတ်တွင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အဘို့ လွယ်ကူမှုကိုသာလိုလားတော်မူ၍ ခက်ခဲမှုကိုကား အလျှင်းလိုလားတော်မမူဟု မိန့်ဆိုထားတော်မူသည်နှင့်အညီ အစ္စလာမ်သာသနာ၏ပဋိပတ်ကျင့်စဉ် အရပ်ရပ်တွင် လွယ်ကူမှုကိုသာတွေ့ရှိပေသည်။

အစ္စလာမ်သာသနာသည် လိုက်နာကျင့်သုံးသောသူများ၏အခြေအနေ၊ အသက်အရွယ်၊ ကျန်းမာရေး၊ ပတ်ဝန်းကျင်နှင့် တွေ့ကြုံရမည့်အခက်အခဲများကို အမြဲတစေရှေးရှုပေရာ အစ္စလာမ်သာသနာ၏ကျင့်စဉ်ကျင့်ရပ်များကို လက်တွေ့လိုက်နာကျင့်သုံးရာတွင် ဘယ်သောအခါမျှအခက်အခဲ မတွေ့ရှိရပေ။ ဥပမာအားဖြင့် ဤဥပုသ်ဆောက်တည်မှုကိုပင်ဆင်ခြင်ကြပါကုန်။ အစ္စလာမ်သာသနာသည် ဥပုသ်ဆောက်တည်မှုတွင် မကျန်းမာသောသူများ၊ ခရီးသည်များ အိုမင်းမစွမ်းသောအဘိုးအို၊ အမယ်အိုများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် နို့တိုက်ကျွေးလျက်ရှိသောသားသည်အမေများအဘို့ အမျိုးမျိုးသောလွယ်ကူမှုများကို ပြဋ္ဌာန်းထားသည်မှာ အထင်အရှားပင်မဟုတ်ပါလော။ ဖော်ပြပါ အကြောင်းများကြောင့် နဗီတမန်တော်မို့ဟမ္မဒ်(ﷺ) ကိုယ်တော်တိုင်ကပင် “အလ္လာဟ်အရှင်မြတ်၏သာသနာတော်သည် လွယ်ကူလှပေသည်” ဟူ၍လည်းကောင်း၊ “အသင်တို့သည် လွယ်ကူအောင်ပြုလုပ်ကြကုန်၊ ခဲယဉ်းအောင်မပြုကြကုန်လင့်၊ ကောင်းချီးသတင်းကိုပေးကြကုန်၊ စက်ဆုတ်ဘွယ်အမှုကိုမပြုကြကုန်လင့်”ဟူ၍လည်းကောင်း မိန့်ကြားတော်မူခဲ့သည်။

ဤအာယသ်တော်သည် ရမဇာန်လမြတ်ရောက်ရှိလာသည့်အခါရှိဇဟ်ဥပုသ်စောင့်ထိမ်းရန် အမိန့်ပေးထားသောရှရီအသ်တရားတော်နှင့်ပတ်သက်သည့် အမိန့်ပေးစေခိုင်းမှုပါရှိသော သာသနာရေးဆိုင်ရာအလို

တော်ကို ပြသသောအာယသ်တော်ဖြစ်သည်။ ယင်းအလိုတော်တွင် အလ္လာဟ်အရှင်၏ကျေနပ်နှစ်သက်မှုပါဝင်ပတ်သက်လျက်ရှိနေပေသည်။ ထို့ကြောင့်သာ ထိုအရှင်က အဆိုပါရိုဇဟ်ဥပုသ်စောင့်ထိမ်းရန် အမိန့်ပေးခြင်းဖြစ်သည်။

ဤအလိုတော်နှင့်ပတ်သက်၍ လူတို့စကားတွင် ဤသို့သုံးနှုန်းပြောဆိုလေ့ရှိကြသည်။

(မကောင်းမှုပြုလုပ်သူနှင့်ပတ်သက်သည့်ဥပမာ) "ဒီလူဟာ အလ္လာဟ်အရှင်မလိုလားသည်ကို လုပ်ဆောင်နေသည်။" ဆိုလိုသည်မှာ အလ္လာဟ်အရှင်မခိုင်းစေသော၊ သဘောမကျသော၊ မနှစ်မြို့သောအလုပ်ကို လုပ်သည်ဟုဆိုလိုခြင်းဖြစ်သည်။

فهذه الإرادة هي المذكورة في مثل قول الناسِ لمن يفعل القبائح: هذا يفعل ما لا يريده الله، أي: لا يحبّه، ولا يرضاه، ولا يأمر به. (شرح العقيدة الطحاوية، ج١، ص٨٠).

အလားတူ ကောင်းမှုပြုလုပ်သူနှင့်ပတ်သက်ပြီး လူတို့စကားတွင် ဤသို့သုံးနှုန်းပြောဆိုလေ့ရှိကြသည်၊ "ဒီပုဂ္ဂိုလ်ဟာ အလ္လာဟ်အရှင် လိုလားသည်ကို လုပ်ဆောင်နေသည်။" ဆိုလိုသည်မှာ အလ္လာဟ်အရှင် ခိုင်းစေသော၊ သဘောကျသော၊ နှစ်မြို့သောအလုပ်ကို လုပ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

فهذه الإرادة هي المذكورة في مثل قول الناسِ لمن يفعل الخير: هذا يفعل ما يريده الله، أي:يحبّه، ويرضاه، ويأمر به. (المؤلف).

ဤရှရီအသ်တရားတော်နှင့်ပတ်သက်သည့် အမိန့်ပေး စေခိုင်းမှုပါရှိသောသာသနာ ရေးဆိုင်ရာအလိုတော်တွင် အလ္လာဟ်အရှင်၏အမိန့်

ပေးစေခိုင်းမှုနှင့်တကွ ထိုအရှင်၏ကျေနပ် နှစ်သက်မှုပါရှိကြောင်း ထင်ရှား စွာသိရှိရပေသည်။

ဤပထမအလိုတော်နှင့်ပတ်သက်ပြီး ကုရ်အာန်ကျမ်းမြတ်တွင် အထောက်အထားများ အမြောက်အမြားလာရှိပေသည်။ ကျမ်းလေးမည် ကိုစိုး၍ အချို့ကိုသာတင်ပြလိုက်ခြင်းဖြစ်သည်။ အကျယ်သိလိုက (ရှရ်ဟွလ်အကီဒသစ်သွဟာဝီယဟ်ကျမ်း အတွဲ ၁ စာမျက် ၈၀)တွင်ကြည့်ပါ။

ဒုတိယအလိုတော်အကြောင်း

၂။ (إِرَادَةٌ قَدَرِيَّةٌ كَوْنِيَّةٌ خَلْقِيَّةٌ)ဖန်ဆင်းခြင်းကဏ္ဍာဖြစ်သော သတ်က်ဒီးရ်သတ်မှတ်ချက်ဆိုင်ရာ အလိုတော်။

ဤဒုတိယအမျိုးသည် ဖန်ဆင်းခံဝေနေယျအားလုံးကို ခြုံငုံပါဝင်သည့်အလိုတော်ကိုခေါ်ဆိုသည်။

အိန္ဒိယနိုင်ငံ ဒေလီနေ့ဇာမွဒ္ဒီးန်မရ်ကဇ်မှ
မော်လဝီစအဒ်၏ကွဖ်ရ်ဖြစ်စေသော
ယုံကြည်ချက်နှင့် စကားရပ်များအား မွတ်စ်လင်မ်အများ နားလည်ပြီး ဝေးဝေးလွတ်အောင်ရှောင်ကြရန် ရှရီအသ်တရားတော်၏ခိုင်မာသော အထောက်အထားများဖြင့် ရှင်းလင်းတင်ပြခြင်း

(၁) ہدایت اللہ کے ہاتھ میں ہوتی تو اللہ تعالی نبیوں کو کیوں بھیجتا.

စအဒ်၏ယုံကြည်ပြောဆိုချက်။ "အလ္လာဟ်အရှင်၏လက်ဝယ် တွင် ဟေ့ဒါယသ်ရှိပါက အလ္လာဟ်အရှင်သည် နဗီများကို ဘာကြောင့် စေလွှတ်သနည်း။"

သူ့စကား၏အဓိပ္ပါယ်။ ။ အလ္လာဟ်အရှင်က နဗီများကို စေလွှတ်တော်မူခဲ့သည့်အတွက် အလ္လာဟ်အရှင်၏လက်ဝယ်တွင် ဟေ့ဒါယသ်မရှိဟု သူကဆိုလိုခြင်းဖြစ်သည်။ (نَعُوْذُ بِاللّٰهِ مِنْ ذٰلِكَ) ထိုယုံကြည်ပြောဆိုမှုမှ အလ္လာဟ်ထံ ကျွန်တော်မျိုးတို့ ခိုလှုံပါ၏။

(۲) مولوی سعد نے ۲۲ ستمبر ۲۰۰۱ عید گاہ نئی دہلی میں بیان کرتے ہوئے فرمایا کہ اللہ نے ہمیں کلمہ کی دعوت اور کلمہ کی محنت کا مکلّف بنا کر دنیا میں بھیجا ہے لیکن ہم یہ کہتے ہیں کہ میاں اللہ ہی کے ہاتھ میں ہدایت ہے چاہے کسی کو دیں یا نہ دیں اللہ ہی کے ہاتھ میں گمراہی ہے جسے چاہیں گمراہ کر دیں نہیں ایسا نہیں ہے بلکہ یاد رکھنا میرے دوستو کہ انسان ہی انسان کی ہدایت کا ذریعہ ہے اور انسان ہی انسان کی گمراہی کا ذریعہ ہے لوگ سمجھتے نہیں ہیں بس اشکال پیدا کریں گے لوگ کہتے ہیں کہ ہدایت اور گمراہی اللہ کے ہاتھ میں ہے. ارے ایسا نہیں ہے بلکہ اللہ نے انسان کو انسان کی ہدایت کا سبب بنایا ہے.

دریافت طلب امر یہ ہے کہ کیا ہدایت اور گمراہی اللہ کے ہاتھ میں نہیں ہے جیسا کہ ان صاحب نے فرمایا ہے. (مطیع الرحمٰن قاسمی، شہید نگر، غازی آباد، یوپی)

၂၀၀၁ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့၌ နယူးဒေလီမြို့၏ အီးဒ်ဂါဟ်တွင် မော်လဝီစအဒ်က တရားဟောရာတွင် ဤသို့ပြောခဲ့ သည်။ “အလ္လာဟ်အရှင်က ကျွန်တော်တို့ကို ကလေ့မာဟ်၏ဖိတ်ခေါ်မှု နှင့် ကလေ့မာဟ်၏ကြိုးပမ်းမှုအတွက် တာဝန်ပေးပြီး ဒွန်နယာမှာ စေလွှတ်တော်မူခဲ့ပါတယ်။ သို့သော် ကျွန်တော်တို့က ဤသို့ပြောကြသည်။ ချစ်မိတ်ဆွေ ... အလ္လာဟ်လက်ဝယ်မှာ ဟေ့ဒါယသ်ရှိတယ် ပေးလိုသူကို ပေးမယ် မပေးလိုသူကို မပေးဘူး။ အလ္လာဟ်လက်ဝယ်တွင် လမ်းမှားစေမှုရှိတယ်။ အလိုရှိသူကို လမ်းမှားပို့မယ်။ မဟုတ်ဘူး ဤသို့မဟုတ်ဘူး။ သို့သာမက ကျွန်တော့်မိတ်ဆွေတို့ မှတ်ထားရမှာက လူသားသည်

သာလျှင် လူသား၏ဟော့ဒါယသ်ရဲ့ အကြောင်းခံဖြစ်ပါတယ်။ ၎င်းနောက် လူသားသည်သာလျှင် လူသားရဲ့ လမ်းမှားမှု၏အကြောင်းခံဖြစ်ပါတယ်။ လူတွေက နားမလည်ကြဘူး။ ပြီးတော့ စောဒကတက်ကြမယ်။ လူတွေ က ပြောကြတယ်။ ဟော့ဒါယသ်နှင့်လမ်းမှားစေမှုဟာ အလ္လာဟ်လက်ဝယ်မှာရှိတယ်။ အို ... ဒီလိုမဟုတ်ဘူး။ သို့သာမက အလ္လာဟ်အရှင်က လူသားကို လူသား၏ဟော့ဒါယသ်အတွက် အကြောင်းခံပြုလုပ်ခဲ့တယ်။”

မေးလိုသည့်ကိစ္စက ဤသို့ဖြစ်ပါသည်။ သူပြောခဲ့သလို (ဟော့ဒါယသ်)နှင့်(ဂွမ်ရာဟီး) လမ်းမှန်နှင့်လမ်းမှားသည် အလ္လာဟ်အရှင်၏လက်ဝယ်၌မရှိဘူးလား။(မေးမြန်းသူ- မို့သ္သိအွရ်ရဟ်မာန်-ကာစေ့မီ-ရှဟီးဒ်နဂရ် -ဂါဇီအာဗားဒ်- ယူပီ)

သူ့စကား၏အဓိပ္ပါယ်။ ။ တိုတိုနဲ့လိုရင်းကိုရှင်းရမယ်ဆိုရင် သူ့စကားရဲ့အဓိပ္ပါယ်သည် အိန္ဒိယကအာလင်မ်တစ်ပါးဖြစ်တဲ့ မောင်လာနာမို့သ္သိအွရ်ရဟ်မာန်-ကာစေ့မီ နားလည်တဲ့အတိုင်းက အမှန်ပါပဲ။ သူပြောခဲ့သလို (ဟော့ဒါယသ်)နှင့်(ဂွမ်ရာဟီး) လမ်းမှန်နှင့်လမ်းမှားသည် အလ္လာဟ်အရှင်၏လက် ဝယ်၌မရှိဘူး။ လို့ မော်လဝီစအဒ်က ယုံကြည်ပြောဆိုတာပါပဲ။ (نَعُوْذُ بِاللهِ مِنْ ذٰلِكَ) ထိုယုံကြည်ပြောဆိုမှုမှ အလ္လာဟ် ထံ ကျွန်တော်မျိုးတို့ ခိုလှုံပါ၏။

استدلال بكتاب الله

ကုရ်အာန်ကျမ်းမြတ်လာ အထောက်အထားများဖြင့် ကိုးကားခြင်း

﴿ إِنَّمَا أَمْرُهُ إِذَا أَرَادَ شَيْئًا أَن يَقُولَ لَهُ كُن فَيَكُونُ ﴾. (سورة يس، الآية:٨٢).

ထိုအရှင်မြတ်၏အမိန့်တော်ကား တစ်စုံတစ်ရာကို ထိုအရှင်မြတ်သည် (ဖန်ဆင်းတော်မူရန်)ရည်စူးတော်မူသောအခါ ထိုအရာကို ဖြစ်စေဟု မိန့်ကြားတော်မူခြင်းမျှဖြစ်၏။ ထိုအခါ ယင်းအရာသည် ဖြစ်လာလေ၏။

(စူရဟ် ယာစီးန်၊ အာယသ် ၈၂)

အလ္လာဟ်အရှင်မြတ်အဖို့ မည်သည့်အရာကိုမဆို ဖန်ဆင်းတော်မူရာ၌ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ပထမ စတင်ဖန်ဆင်းခြင်းဖြစ်စေ၊ ဒုတိယအကြိမ် ပြန်လည်ဖန်ဆင်းခြင်းဖြစ်စေ မည်သို့မျှ အခက်အခဲမရှိပေ။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် ဉာဏ်တော်အနန္တရှင်၊ တန်ခိုးတော်အနန္တရှင် ဖန်ဆင်းပုံအလုံးစုံကို အကြွင်းမဲ့သိတော်မူသော အရှင်ဖြစ်တော်မူသည်။ ထိုအရှင်မြတ်သည် တစ်စုံတစ်ရာကို ဖန်ဆင်းတော်မူလိုပါလျှင် "ဖြစ်စေ"ဟု မိန့်ကြားတော်မူလိုက်ရုံမျှဖြင့် ထိုအရာသည် ချက်ချင်းဖြစ်ပေါ်လာပေသည်။

ဤအာယသ်တော်သည် (သတ်က်ဒီးရ်သတ်မှတ်ချက်ဆိုင်ရာ အလိုတော်)ကို ရှင်းလင်းပြတ်သားစွာ ပြသနေပေသည်။

﴿ وَلَوْ شَاءَ اللَّهُ مَا اقْتَتَلُوا وَلَكِنَّ اللَّهَ يَفْعَلُ مَا يُرِيدُ ﴾. (سورة البقرة، الآية: ٢٥٣).

အကယ်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလိုတော်ရှိခဲ့ပါလျှင် ထိုသူတို့သည် အချင်းချင်းသတ်ဖြတ်ကြမည်မဟုတ်ချေ။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် မိမိအလိုတော်ရှိသည်များကို (မိမိ)ပြုလုပ်တော်မူလေသည်။ (စူရသွလ်ဗကရဟ်၊ အာယသ် ၂၅၃)

ဤအာယသ်တော်တွင်ပါရှိသောအလိုတော်သည်(သတ်က်ဒီးရ်သတ်မှတ်ချက်ဆိုင်ရာ အလိုတော်)ဖြစ်ကြောင်းကို ပထမထက် ပိုမိုရှင်းလင်းစွာ ဤအာယသ်တော်ကပြသနေပေသည်။

﴿فَمَن يُرِدِ اللَّهُ أَن يَهدِيَهُ يَشْرَحْ صَدْرَهُ لِلإِسْلاَمِ وَمَن يُرِدْ أَن يُضِلَّهُ يَجْعَلْ صَدْرَهُ ضَيِّقًا حَرَجًا كَأَنَّمَا يَصَّعَّدُ فِي السَّمَاءِ كَذَلِكَ يَجعَلُ اللَّهُ الرِّجسَ عَلَى الَّذِينَ لاَ يُؤمِنُونَ﴾ .(سورة الأنعام، الآية:١٢٥).

ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကြင်သူအား လမ်းမှန်သို့ ပို့ဆောင်တော်မူရန် ရည်စူးတော်မူပါလျှင်၊ ထိုအရှင်မြတ်သည် ၎င်း၏ရင်ကို (ဝါ) စိတ်နှလုံးကို အစ္စလာမ်သာသနာတော်အား (ယုံကြည် လက်ခံလာနိုင်ရန်)အလို့ငှာ ပွင့်လင်းကျယ်ဝန်းစေတော်မူအံ့။ သို့ရာတွင် ထိုအရှင်မြတ်သည် အကြင်သူအား လမ်းမှား၌ပင်ထားရှိရန် ရည်စူးတော်မူပါလျှင် ထိုအရှင်မြတ်သည် ၎င်း၏ရင်ကို (ဝါ) စိတ်နှလုံးကို ကျဉ်းကျပ်၊ အလွန့်အလွန် ခက်ခဲစေတော်မူအံ့။ ထိုသူသည် မိုးကောင်းကင်သို့ တက်ရဘိသကဲ့သို့ဖြစ်နေအံ့။ ဤနည်းအတိုင်းပင် အလ္လာဟ်အရှင်မြတ်သည် အီမာန်သက်ဝင်ယုံကြည်ခြင်းကင်းမဲ့သောသူတို့အပေါ်၌ အညစ်အကြေးများကို ပြုလုပ်ထားတော်မူလေသည်။ (စူရသ္ဝလ် အန်အားမ်၊ အာယသ် ၁၂၅)

အထက်ပါအာယသ်တော်အရသိရသည်မှာ ဟေ့ဒါယသ်လမ်းမှန်ချီးမြှင့်ခြင်းနှင့် လမ်းမှားပို့ဆောင်ခြင်းတို့သည် အလ္လာဟ်အရှင်မြတ်၏ (သတ်က်ဒီးရ်သတ်မှတ်ချက်ဆိုင်ရာ အလိုတော်)ဖြစ်ကြောင်း အတိအလင်း သိရှိရပေသည်။

﴿وَلَو شِئْنَا لآتَينَا كُلَّ نَفسٍ هُدَاهَا وَلَكِن حَقَّ القَولُ مِنِّي لأَمْلأَنَّ جَهَنَّمَ مِنَ الجِنَّةِ وَالنَّاسِ أَجمَعِينَ﴾.(سورة السجدة، الآية:١٣).

စင်စစ်သော်ကား အကယ်၍သာ ငါအရှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် လူတိုင်းလူတိုင်းအား ၎င်းတို့၏တရားလမ်းမှန်ကို ပေးတော်မူခဲ့မည်ဖြစ်၏။ သို့ရာတွင် မုချဧကန် ငါအရှင်မြတ်သည် ဂျင်န်သတ္တဝါများဖြင့်လည်းကောင်း၊ လူသတ္တဝါများဖြင့်လည်းကောင်း တပြိုင်နက်တည်း "ဂျဟန္နမ်"ငရဲဘုံကို ဖြည့်တော်မူမည်ဟူသောအမိန့်တော်သည် ငါအရှင်မြတ်အထံတော်မှအတည်ပြုပြီးဖြစ်၏။ (စူရသ္ဇတ်စဂ်ျဒဟ်၊ အာယသ် ၁၃)

ဤအာယသ်တော်မှလည်းသိရှိရသည်မှာ အလ္လာဟ်အရှင်၏ (သတ်က်ဒီးရ်သတ်မှတ်ချက်ဆိုင်ရာ အလိုတော်)ရှိခဲ့ပါလျှင် လူတိုင်းလူတိုင်းအား မုချ ဟေ့ဒါယသ်ချီးမြှင့်တော်မူမည်ဖြစ်သည်။ သို့သော် အလ္လာဟ်အရှင်၏ (သတ်က်ဒီးရ်သတ်မှတ်ချက်ဆိုင်ရာ အလိုတော်)သည် လူတိုင်းလူတိုင်း ဟေ့ ဒါယသ်ရရေးအဖို့မရှိခဲ့သည့်အတွက် ဂျဟန္နမ်ကို လူသတ္တဝါ၊ ဂျင်န်သတ္တဝါ တို့ဖြင့် ဖြည့်တော်မူမည်ဟု မိန့်ဆိုထားခြင်းဖြစ်သည်။ ဟေ့ဒါယသ်နှင့် ဒွလာလသ် လမ်းမှန်ရရှိခြင်းနှင့် လမ်းမှားရောက်ရှိခြင်းသည် အလ္လာဟ်အရှင်၏ (သတ်က်ဒီးရ်သတ်မှတ်ချက်ဆိုင်ရာ အလိုတော်)နှင့်သာ သက်ဆိုင်သည်။ ဤသည်ကို ထောက်ရှု၍ ဟေ့ဒါယသ်နှင့် ဒွလာလသ် လမ်းမှန် ရရှိခြင်းနှင့် လမ်းမှားရောက်ရှိခြင်းသည် အလ္လာဟ်အရှင်၏လက်ဝယ်တွင်သာ ပိုင်ဆိုင်တည်ရှိသောကိစ္စဖြစ်ကြောင်း ထင်ရှားလှပေသည်။

﴿وَلَوْ شَاءَ رَبُّكَ لَآمَنَ مَن فِي الْأَرْضِ كُلُّهُمْ جَمِيعًا أَفَأَنتَ تُكْرِهُ النَّاسَ حَتَّى يَكُونُوا مُؤْمِنِينَ﴾ . (سورة يونس، الآية: ٩٩).

စင်စစ်သော်ကား အကယ်၍ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် ကမ္ဘာမြေဝယ် ရှိရှိသမျှ

သောသူခပ်သိမ်းတို့သည် တစ်ပြိုင်နက် 'အီမာန်'သက်ဝင်ယုံကြည်ကြမည် သာဖြစ်ကြကုန်၏။ သို့ဖြစ်ပေရာ အသင်သည် လူတို့အား မို့အ်မင်န်သက် ဝင်ယုံကြည်သူများဖြစ်လာကြရန် အတင်းအကျပ်ပြုလုပ်နိုင်ပါသလော။ (စူရဟ်ယူနွတ်စ်၊ အာယသ် ၉၉)

ဤအာယသ်တော်အရ သိရှိရသည်မှာ အလ္လာဟ်အရှင် အလိုရှိ တော်မူခဲ့ပါလျှင် ကမ္ဘာမြေပေါ်တွင် ရှိရှိသမျှသောသူခပ်သိမ်းတို့သည် တစ်ပြိုင်နက် 'အီမာန်'သက်ဝင်ယုံကြည်ကြမည်သာဖြစ်သည်။ ဤသည် ထို အရှင်၏(သတ်က်ဒီးရ်သတ်မှတ်ချက်ဆိုင်ရာ အလိုတော်)၏လိုလားသတ် မှတ်မှုအောက်တွင်သာ ကမ္ဘာမြေပေါ်ရှိ လူခပ် သိမ်းတို့၏အီမာန်သက်ဝင် ယုံကြည်မှု တည်ရှိနေကြောင်းသိရပေသည်။ တမန်တော်မြတ်(ﷺ)သည် ကမ္ဘာမြေပေါ်တွင် အကြီးမားဆုံးသော ဟေ့ဒါယသ်၏အကြောင်းခံဖြစ် သော်ငြားလည်း ကမ္ဘာမြေပေါ်ရှိလူခပ်သိမ်းတို့ မို့အ်မင်န်သက်ဝင်ယုံကြည် သူများဖြစ်လာကြရန် အတင်းအကျပ်ပြုလုပ်နိုင်စွမ်းပင်မရှိချေ။ အကြောင်း မှာ ဟေ့ဒါယသ်ပေးခြင်းသည် အလ္လာဟ်အရှင်တစ်ပါးတည်း၏လုပ်ပိုင်ခွင့် သာဖြစ်သည်။ တမန်တော်မြတ်(ﷺ)၊ အခြားနဗီတမန်တော်(عليهم السلام) များနှင့် အခြားအီမာန်ရှင်တို့သည် ဟေ့ဒါယသ်၏အကြောင်းခံ ဖြစ်နိုင် သော်ငြားလည်း အလ္လာဟ်အရှင်၏ဟေ့ဒါယသ်ပေးနိုင်စွမ်း အဆင့်အတန်း နှင့်လုံးဝမသက်ဆိုင်ပေ။

﴿وَمَا تَشَاءُونَ إِلَّا أَن يَشَاءَ اللَّهُ رَبُّ الْعَالَمِينَ﴾. (سورة التكوير، الآية:٢٩).

စင်စစ်သော်ကား စကြာဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူ သောအလ္လာဟ်အရှင်မြတ် အလိုရှိတော်မူမှသာလျှင် အသင်တို့သည် အလိုရှိနိုင်ကြပေမည်။ (စူရသွတ်သတ်က်ဝီးရ်၊ အာယသ် ၂၉)

ဤအာယသ်တော်တွင်လာရှိသောအလ္လာဟ်အရှင်၏အလိုတော်သည် (သတ်က်ဒီးရ်သတ်မှတ်ချက်ဆိုင်ရာ အလိုတော်)နှင့်ပတ်သက်သည့်အာယသ်တော်ပင်ဖြစ်သည်။

﴿ مَن يَشَإِ اللَّهُ يُضلِلهُ وَمَن يَشَأ يَجعَلهُ عَلَى صِرَاطٍ مُستَقِيمٍ ﴾ .(سورة الأنعام، الآية:٣٩).

အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား (အမှန်တရားကိုသွေဖည်မှုကြောင့်)လမ်းလွဲ၌ပင် ရှိစေတော်မူ၏။ ၎င်းပြင် ထိုအရှင်မြတ်သည် မိမိအလိုတော်ရှိတော်မူသောသူအား (မိမိ၏ကျေးဇူးတော်ဖြင့်)ဖြောင့်မတ်မှန်ကန်သောတရားလမ်းပေါ်၌ တည်ရှိစေတော်မူ၏။

(စူရသွလ် အန်အားမ်၊ အာယသ် ၃၉)

ဤအာယသ်တော်သည် အလ္လာဟ်အရှင်၏(သတ်က်ဒီးရ်သတ်မှတ်ချက်ဆိုင်ရာ အလိုတော်)အရ လမ်းမှားရောက်နိုင်ခြင်းနှင့် လမ်းမှန်ရရှိခြင်းကို အတိအလင်းဖော်ပြသောအာယသ်တော်ပင်ဖြစ်သည်။ ထို့အတူ ဟေ့ဒါယသ်နှင့် ဒွလာလသ်သည် အလ္လာဟ်အရှင်၏လက်ဝယ်တွင် ပိုင်ဆိုင်ကြောင်း အတိအလင်းဖော်ပြ သောအာယသ်ပင်ဖြစ်သည်။

﴿ وَلَا يَنفَعُكُم نُصحِي إِن أَرَدتُّ أَن أَنصَحَ لَكُم إِن كَانَ اللَّهُ يُرِيدُ أَن يُغوِيَكُم هُوَ رَبُّكُم وَإِلَيهِ تُرجَعُونَ ﴾ (سورة هود، الآية:٣٤).

စင်စစ်မူကား အကယ်၍ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား လမ်းမှားစေတော်မူရန် ရည်စူးတော်မူခဲ့ပါလျှင် ငါသည် အသင်တို့အဖို့ (မည်မျှပင်)ကောင်းကျိုးဆောင်ရန် ရည်စူးသော်ငြားလည်း ငါ၏ကောင်းကျိုးဆောင်မှုသည် အသင်တို့အား အကျိုးဖြစ်စေနိုင်လိမ့်မည်မဟုတ်ပေ။ ထိုအရှင်မြတ်သည်ပင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်

မူသောအရှင်ဖြစ်တော်မူ၏။ တဖန် အသင်တို့သည် ထိုအရှင်မြတ်အထံတော်သို့ပင် ပြန်ကြရကုန်အံ့။ (စူရဟ်ဟူးဒ်၊ အာယသ် ၃၄)

ရှင်းလင်းချက်။ ။ ဤအာယသ်တော်တွင် ဟေ့ဒါယသ်သည် အလ္လာဟ်အရှင်၏လက်ဝယ်မှာရှိကြောင်း အလ္လာဟ်အရှင်သာလျှင်ပိုင်ဆိုင်ကြောင်း အလ္လာဟ်အရှင်၏(သတ်ကဒ်ီးရ်ဆိုင်ရာအလိုတော်)ရှိမှသာ ဟေ့ဒါယသ်ရနိုင်မည်ဖြစ်ကြောင်းနှင့် အကယ်၍ အလ္လာဟ်အရှင်၏(သတ်ကဒ်ီးရ်ဆိုင်ရာအလိုတော်)အရ လမ်းမှားပို့ဆောင်မည်ဆိုပါက မည်သည့်လူ၊ မည်သည့်နဗီ၏ကြိုးပမ်းမှုမျှ ဟေ့ဒါယသ်ရရန် အကျိုးပြုနိုင်မည်မဟုတ်ကြောင်း ဟဇ်ရသ်နူးဟ်(عليه السلام)က အတိအလင်းပြသတော်မူခဲ့ပေသည်။

﴿ إِنَّكَ لَا تَهْدِي مَنْ أَحْبَبْتَ وَلَٰكِنَّ اللَّهَ يَهْدِي مَن يَشَاءُ وَهُوَ أَعْلَمُ بِالْمُهْتَدِينَ ﴾(سورة القصص، الآية:٥٦).

ဧကန်အမှန် အသင်သည် မိမိနှစ်သက်လိုလားသူအား တရားလမ်းမှန်သို့ ပို့ဆောင်ပေးနိုင်သည် မဟုတ်ပေ။ စင်စစ်မှာကား အလ္လာဟ်အရှင်မြတ်သာလျှင် မိမိအလိုတော်ရှိတော်မူသောသူအား တရားလမ်းမှန်သို့ ပို့ဆောင်ပေးတော်မူ၏။ ၎င်းပြင် ထိုအရှင်မြတ်သည်သာလျှင် တရားလမ်း မှန်ရရှိကြမည့်သူတို့အား ကောင်းစွာသိရှိတော်မူသော အရှင်မြတ်ဖြစ်တော်မူ၏။ (စူရသွလ် ကဆွ်ပ်ဆ်၊ အာယသ် ၅၆)

ဆိုလိုသည်ကား တမန်တော်မြတ်သည် အချို့ပုဂ္ဂိုလ်များအား သဘာဝအလျောက် ချစ်တော်မူ၏။ ထိုသို့သောပုဂ္ဂိုလ်များအား အစ္စလာမ်အတွင်းသို့ ရောက်လာစေတော်မူလို၏။ ဤသို့ကား ဖြစ်ရကောင်းစေမဟုတ်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်၏အဓိကတာဝန်မှာ တရားလမ်းမှန်သို့ အရောက်ပို့ဆောင်ခြင်းမဟုတ်။ တရားလမ်းမှန်သို့ ညွှန်

ပြခြင်းသာဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည်သာလျှင် မိမိအလိုရှိတော်မူသောသူများအား တရားလမ်းမှန်သို့ အရောက်ပို့ဆောင်ပေးတော်မူနိုင်ပေသည်။(ကြည့်- ကုရ်အာန် ၂ း ၂၇၂ ။ ၁၂ း ၁၀၃။)

အချို့အဆိုအရ တမန်တော်မြတ်သည် မိမိ၏ဘကြီးတော် အဗူသွာလစ်ဗ်အား အစ္စလာမ်အတွင်းသို့ တစ်နည်းတစ်ဖုံ ရောက်ရှိလာစေရန် အထူးတလည် ကြိုးစားတော်မူခဲ့၏။ သို့တစေလည်း ဘကြီးတော်သည် (အမြင်အားဖြင့်) အစ္စလာမ်အတွင်းသို့ ရောက်ရှိမလာခဲ့ပေ။ ထိုအခါ ဤအာယသ်တော်များ ကျရောက်လာခဲ့ပေသည်။

ဟေ့ဒါယသ်သည် အလ္လာဟ်အရှင်၏လက်ဝယ်မှာသာရှိကြောင်း၊ အလ္လာဟ် အရှင်၏(သတ်က်ဒီးရ်ဆိုင်ရာအလိုတော်)ရှိသူကိုသာ အလ္လာဟ်အရှင်က ဟေ့ဒါယသ်ချီးမြှင့်ကြောင်းနှင့် ဤလုပ်ပိုင်ခွင့်တွင် တမန်တော်မြတ်(ﷺ) သည်ပင်လျှင် မိမိနှစ်သက်လိုလားသူအား ဟေ့ဒါယသ်ရရှိသည်အထိ ဝင်ရောက်စွက်ဖက်ပိုင်ခွင့်လုံးဝမရှိကြောင်း ဤအာယသ်တော်က ရှိုးရှင်းစွာပြသနေပေသည်။

အထက်တွင်ကိုးကားတင်ပြခဲ့သောအာယသ်တော်(၁၀)ခုအပြင် အောက်တွင်ဖော်ပြပါရှိသောအာယသ်တော်ပေါင်း(၃၃)တို့သည် အလ္လာဟ်အရှင်၏လက်ဝယ်တွင်သာ ဟေ့ဒါယသ်ရှိကြောင်းနှင့်(သတ်က်ဒီးရ်ဆိုင်ရာအလ္လာဟ်အရှင်၏အလိုတော်)အရ ဟေ့ဒါယသ်ပေးလိုသူကို ပေးကမ်းချီးမြှင့်မည်။ ၎င်းနောက် လမ်းမှားပို့လိုသူကို ပို့မည်ဖြစ်ကြောင်း အထောက်အထားများပင်ဖြစ်ပေသည်။ ထို့အပြင် ကုရ်အာန်ကျမ်းတော်မြတ်တွင် အထောက်အထားများ ထပ်မံရှိပေသေးသည်။ အကြမ်းအားဖြင့် ဤအာယသ်တော်များကိုသာတင်ပြလိုက်ရပါသည်။

(١) ﴿ يُضِلُّ بِهِ كَثِيرًا وَيَهْدِى بِهِ كَثِيرًا وَمَا يُضِلُّ بِهِ إِلَّا الفَاسِقِينَ ﴾ (سورة البقرة: الآية:٢٦).

(٢) ﴿ أَن يُنَزِّلَ اللّٰهُ مِن فَضلِهِ عَلَى مَن يَشَاءُ مِن عِبَادِهِ ﴾ (سورة البقرة، الآية: ٩٠).

(٣) ﴿قُل لِلّٰهِ المَشرِقُ وَالمَغرِبُ يَهدِى مَن يَشَاءُ إِلَى صِرَاطٍ مُستَقِيمٍ ﴾ (سورة البقرة، الآية:١٤٢).

(٤) ﴿ وَمَا جَعَلنَا القِبلَةَ الَّتِى كُنتَ عَلَيهَا إِلَّا لِنَعلَمَ مَن يَتَّبِعُ الرَّسُولَ مِمَّن يَنقَلِبُ عَلَى عَقِبَيهِ وَإِن كَانَت لَكَبِيرَةً إِلَّا عَلَى الَّذِينَ هَدَى اللّٰهُ وَمَا كَانَ اللّٰهُ لِيُضِيعَ إِيمَانَكُم إِنَّ اللّٰهَ بِالنَّاسِ لَرَءُوفٌ رَحِيمٌ ﴾ (سورة البقرة، الآية:١٤٣).

(٥) ﴿ وَاللّٰهُ يَهدِى مَن يَشَاءُ إِلَى صِرَاطٍ مُستَقِيمٍ ﴾ (سورة البقرة، الآية: ٢١٣).

(٦) ﴿ لَيسَ عَلَيكَ هُدَاهُم وَلَكِنَّ اللّٰهَ يَهدِى مَن يَشَاءُ ﴾(سورة البقرة، الآية:٢٧٢).

(٧) ﴿ إِنَّ الَّذِينَ آمَنُوا ثُمَّ كَفَرُوا ثُمَّ آمَنُوا ثُمَّ كَفَرُوا ثُمَّ ازدَادُوا كُفرًا لَم يَكُنِ اللّٰهُ لِيَغفِرَ لَهُم وَلَا لِيَهدِيَهُم سَبِيلًا ﴾(سورة النساء، الآية:١٣٧).

(٨) ﴿ إِنَّ الَّذِينَ كَفَرُوا وَظَلَمُوا لَم يَكُنِ اللّٰهُ لِيَغفِرَ لَهُم وَلَا لِيَهدِيَهُم طَرِيقًا ﴾ (سورة النساء، الآية:١٦٨).

(٩) ﴿ ذٰلِكَ هُدَى اللّٰهِ يَهدِى بِهِ مَن يَشَاءُ مِن عِبَادِهِ وَلَو أَشرَكُوا لَحَبِطَ عَنهُم مَا كَانُوا يَعمَلُونَ ﴾ (سورة الأنعام، الآية:٨٨).

(١٠) ﴿ أُولٰئِكَ الَّذِينَ هَدَى اللّٰهُ فَبِهُدَاهُمُ اقتَدِه قُل لَا أَسأَلُكُم عَلَيهِ أَجرًا إِن هُوَ إِلَّا ذِكرَى لِلعَالَمِينَ ﴾ (سورة الأنعام، الآية: ٩٠).

(١١) ﴿ قُل إِنَّنِى هَدَانِى رَبِّى إِلَى صِرَاطٍ مُستَقِيمٍ دِينًا قِيَمًا مِلَّةَ إِبرَاهِيمَ حَنِيفًا وَمَا كَانَ مِنَ المُشرِكِينَ ﴾(سورة الأنعام، الآية: ١٦١).

(١٢) ﴿وَقَالُوا الحَمدُ لِلّٰهِ الَّذِى هَدَانَا لِهَذَا وَمَا كُنَّا لِنَهتَدِىَ لَولَا أَن هَدَانَا اللّٰهُ لَقَد جَاءَت رُسُلُ رَبِّنَا بِالحَقِّ وَنُودُوا أَن تِلكُمُ الجَنَّةُ أُورِثتُمُوهَا بِمَا كُنتُم تَعمَلُونَ ﴾ (سورة الأعراف، الآية:٤٣).

(١٣) ﴿ مَن يَهدِ اللّٰهُ فَهُوَ المُهتَدِى وَمَن يُضلِل فَأُولٰئِكَ هُمُ الخَاسِرُونَ ﴾ (سورة الأعراف، الآية:١٧٨).

(١٤) ﴿ وَاللّٰهُ يَدعُو إِلَى دَارِ السَّلَامِ وَيَهدِى مَن يَشَاءُ إِلَى صِرَاطٍ مُستَقِيمٍ ﴾ (سورة يونس، الآية:٢٥).

(١٥) ﴿قُل إِنَّ اللّٰهَ يُضِلُّ مَن يَشَاءُ وَيَهدِى إِلَيهِ مَن أَنَابَ ﴾ (سورة الرعد، الآية:٢٧).

(١٦) ﴿ فَيُضِلُّ اللّٰهُ مَن يَشَاءُ وَيَهدِى مَن يَشَاءُ وَهُوَ العَزِيزُ الحَكِيمُ ﴾ (سورة إبراهيم، الآية:٤).

(١٧) ﴿وَلٰكِن يُضِلُّ مَن يَشَاءُ وَيَهدِى مَن يَشَاءُ ﴾. (سورة النحل، الآية:٩٣).

(١٨) ﴿ إِنَّ الَّذِينَ لَا يُؤمِنُونَ بِآيَاتِ اللّٰهِ لَا يَهدِيهِمُ اللّٰهُ وَلَهُم عَذَابٌ أَلِيمٌ ﴾ (سورة النحل، الآية:١٠٤).

(١٩) ﴿وَمَن يَهدِ اللّٰهُ فَهُوَ المُهتَدِ وَمَن يُضلِل فَلَن تَجِدَ لَهُم أَولِيَاءَ مِن دُونِهِ وَنَحشُرُهُم يَومَ القِيَامَةِ عَلَى وُجُوهِهِم عُميًا وَبُكمًا وَصُمًّا مَأوَاهُم جَهَنَّمُ كُلَّمَا خَبَت زِدنَاهُم سَعِيرًا ﴾(سورة الإسراء، الآية:٩٧).

(٢٠) ﴿ نَحنُ نَقُصُّ عَلَيكَ نَبَأَهُم بِالحَقِّ إِنَّهُم فِتيَةٌ آمَنُوا بِرَبِّهِم وَزِدنَاهُم هُدًى ﴾ (سورة الكهف، الآية:١٣).

(٢١) ﴿ مَن يَهدِ اللَّهُ فَهُوَ المُهتَدِ وَمَن يُضلِل فَلَن تَجِدَ لَهُ وَلِيًّا مُرشِدًا ﴾ (سورة الكهف، الآية:١٧).

(٢٢) ﴿ وَلا تَقُولَنَّ لِشَيءٍ إِنِّي فاعِلٌ ذَلِكَ غَدًا إِلَّا أَن يَشاءَ اللَّهُ وَاذكُر رَبَّكَ إِذا نَسِيتَ وَقُل عَسَى أَن يَهدِيَنِ رَبِّي لِأَقرَبَ مِن هَذا رَشَدًا ﴾ (سورة الكهف، الآية:٢٣،٢٤).

(٢٣) ﴿ أُولَئِكَ الَّذِينَ أَنعَمَ اللَّهُ عَلَيهِم مِنَ النَّبِيِّينَ مِن ذُرِّيَّةِ آدَمَ وَمِمَّن حَمَلنا مَعَ نُوحٍ وَمِن ذُرِّيَّةِ إِبراهِيمَ وَإِسرائِيلَ وَمِمَّن هَدَينا وَاجتَبَينا إِذا تُتلَى عَلَيهِم آياتُ الرَّحمَنِ خَرُّوا سُجَّدًا وَبُكِيًّا ﴾(سورة مريم، الآية:٥٨).

(٢٤) ﴿ لَقَد أَنزَلنا آياتٍ مُبَيِّناتٍ وَاللَّهُ يَهدِي مَن يَشاءُ إِلَى صِراطٍ مُستَقِيمٍ ﴾ (سورة النور، الآية:٤٦).

(٢٥) ﴿وَالَّذِينَ جاهَدُوا فِينا لَنَهدِيَنَّهُم سُبُلَنا وَإِنَّ اللَّهَ لَمَعَ المُحسِنِينَ ﴾ (سورة العنكبوت، الآية:٦٩).

(٢٦) ﴿ فَإِنَّ اللَّهَ يُضِلُّ مَن يَشاءُ وَيَهدِي مَن يَشاءُ ﴾(سورة فاطر، الآية:٨).

(٢٧) ﴿ الَّذِينَ يَستَمِعُونَ القَولَ فَيَتَّبِعُونَ أَحسَنَهُ أُولَئِكَ الَّذِينَ هَداهُمُ اللَّهُ وَأُولَئِكَ هُم أُولُو الأَلبابِ ﴾ (سورة الزمر، الآية:١٨).

(٢٨) ﴿ ذَلِكَ هُدَى اللَّهِ يَهدِي بِهِ مَن يَشاءُ وَمَن يُضلِلِ اللَّهُ فَما لَهُ مِن هادٍ ﴾ (سورة الزمر، الآية:٢٣).

(٢٩) ﴿ وَمَن يَهدِ اللَّهُ فَما لَهُ مِن مُضِلٍّ أَلَيسَ اللَّهُ بِعَزِيزٍ ذِي انتِقامٍ ﴾ (سورة الزمر، الآية:٣٧).

(٣٠) ﴿اللَّهُ يَجتَبِي إِلَيهِ مَن يَشاءُ وَيَهدِي إِلَيهِ مَن يُنِيبُ ﴾. (سورة الشورى، الآية:١٣).

(٣١) ﴿ وَإِذ قَالَ إِبرَاهِيمُ لِأَبِيهِ وَقَومِهِ إِنَّنِى بَرَاءٌ مِمَّا تَعبُدُونَ إِلَّا الَّذِى فَطَرَنِى فَإِنَّهُ سَيَهدِينِ ﴾(سورة الزخرف، الآية:٢٦،٢٧).

(٣٢) ﴿ وَمِنهُم مَن يَستَمِعُ إِلَيكَ حَتَّى إِذَا خَرَجُوا مِن عِندِكَ قَالُوا لِلَّذِينَ أُوتُوا العِلمَ مَاذَا قَالَ آنِفًا أُولَئِكَ الَّذِينَ طَبَعَ اللَّهُ عَلَى قُلُوبِهِم وَاتَّبَعُوا أَهوَائَهُم وَالَّذِينَ اهتَدَوا زَادَهُم هُدًى وَآتَاهُم تَقوَاهُم ﴾(سورة محمد، الآية:١٦،١٧).

(٣٣) ﴿كَذَلِكَ يُضِلُّ اللّٰهُ مَن يَشَاءُ وَيَهدِى مَن يَشَاءُ ﴾ . (سورة المدثر، الآية: ٣١).

استدلال بالسنّة النبوية

ဟဒီးစ်တော်ဖြင့်ကိုးကားခြင်း

حدثنا آدم ، حدثنا شعبة، حدثنا الأعمش، سمعت زيد بن وهب سمعت عبد الله بن مسعود ﷺ،قال: حدثنا رسول الله ﷺ ، وهو الصادق المصدوق: إنّ خلق أحدكم يُجْمَعُ فى بَطْن أمه أربعين يوما، أو أربعين ليلة ، ثم يكون علقة مثله، ثم يكون مضغة مثله، ثم يبعث إليه الملك، فيؤذن بأربع كلمات، فيكتب رزقه، وأجله، وعمله، وشقى، أم سعيد، ثم ينفخ فيه الروح، فإنّ أحدكم ليعمل بعمل أهل الجنة حتى لا يكون بينها وبينه إلا ذراع ، فيَسْبِقُ عليه الكتابُ، فيعمل بعمل أهل النار، فيدخل النارَ، وإنّ أحدكم ليعمل بعمل أهل النار حتى ما يكون بينها وبينه إلا ذراع، فيَسْبِقُ عليه الكتابُ، فيعمل عمل أهل الجنة، فيدخلها.(رواه البخاري، رقم الحديث:٣٢٠٨،٧٤٥٤، ٣٣٣٢، ٦٥٩٤، ورواه مسلم ، رقم الحديث:٢٦٤٣، ورواه أبو داود، رقم الحديث:٤٧٠٨، ورواه الترمذي، رقم الحديث:٢١٣٨، ورواه ابن ماجة، رقم الحديث:٧٦، ورواه أحمد، رقم الحديث:١/٣٨٢ و ٤١٤ و ٤٣٠ ورواه الحميدي، رقم الحديث:١٢٦).

အဗ်ဒွလ္လာဟ်ဗင်န်မတ်စ်အူးဒ်(ﷺ)သခင်ကဆင့်ပြန်ခဲ့သည်။ ကျွန်ုပ်တို့ကို ရစူလွလ္လာဟ်(ﷺ)က မိန့်တော်မူခဲ့သည်။ (ထိုတမန်တော်သည် အမှန်မိန့်ကြားသူ မှန်ကန်သည်ဟု ထောက်ခံမှုရရှိသူဖြစ်သည်။) အသင်တို့အနက် တစ်ဦးတိုင်း၏ဖန်ဆင်းခြင်းသည် မိခင်ဝမ်းတွင်း၌ ပထမရက်ပေါင်း(၄၀) သို့မဟုတ် ညဥ့်ပေါင်း (၄၀) စုစည်းခြင်းခံရသည်။ ထို့နောက် အလားတူ ရက်ပေါင်း (၄၀) သွေးတုံးသွေးခဲဖြစ်ပြီး ပြောင်းလဲတည်ရှိသည်။ ထို့နောက် အလားတူ ရက်ပေါင်း (၄၀) အသားတုံးဖြစ်ပြီး ပြောင်းလဲတည်ရှိသည်။ ထို့နောက် ၎င်းထံသို့ ကောင်းကင်တမန်ကို စေလွှတ်ခြင်းခံရပြီး ၎င်းကောင်းကင်တမန်အား စကားရပ် (၄)ခုရေးသားရန် ခွင့်ပြုချက်ရရှိသည့်အခါ ထိုကောင်းကင်တမန်က ၎င်းသူ၏ရိဇိရိက္ခာကို ရေးမှတ်သည်။ သက်တမ်းကုန်ဆုံးမည့်အချိန်ကို ရေးမှတ်သည်။ ၎င်းနောက် ထိုသူ၏ကျင့်ဆောက်တည်မှုကို ရေးမှတ်သည်။ ထို့အပြင် ထိုသူနဖူးစာဆိုးသူ သို့မဟုတ် နဖူးစာကောင်းသူကိုလည်း ရေးမှတ်သည်။ ထို့နောက် ကောင်းကင်တမန်က ၎င်းလူသား၏ရုပ်သဏ္ဌာန်ထဲတွင် ဝိညာဉ်ကို မှုတ်သွင်းလေသည်။ သို့ရှိရာ ထို့နောက် အသင်တို့အနက်မှ တစ်ဦးတစ်ယောက်သည် မုချဧကန် ဂျန္နသ်ဝင်ရမည့်သူ၏ကျင့်စဉ်ကို ကျင့်ဆောက်တည်နေရင်း ဂျန္နသ်နှင့်ထိုသူ၏အကြား တစ်တောင်ခန့်သာကွာတော့သည့်အခါ ထိုသူ့အပေါ် သတ်ကဒီးရ်သတ်မှတ်ချက်က ဦးသွားလေတော့သည်။ ထိုအခါ ထိုသူသည် ဂျဟန္နမ်လားရမည့်သူ၏လုပ်ဆောင်ချက်ကို ပြုလုပ်၍ ဂျဟန္နမ်သို့ဝင်ရလေတော့သည်။ ထို့အပြင် အသင်တို့အနက်မှ တစ်ဦးတစ်ယောက်သည် မုချဧကန် ဂျဟန္နမ်ဝင်ရမည့်သူ၏ကျင့်စဉ်ကို ကျင့်ဆောက်တည်နေရင်း ဂျဟန္နမ်နှင့်ထိုသူ၏အကြား တစ်တောင်ခန့်သာကွာ

တော့သည့်အခါ ထိုသူ့အပေါ် သတ်က်ဒီးရ်သတ်မှတ်ချက်က ဦးသွားလေတော့သည်။ ထိုအခါ ထိုသူသည် ဂျန္နသ်ဝင်ရမည့်သူ၏လုပ်ဆောင်ချက်ကို ပြုလုပ်၍ ဂျန္နသ်သို့ဝင်ရလေတော့သည်။

ဤဟဒီးစ်တော်ကလည်း လူတစ်ယောက်၏(နဖူးစားကောင်းခြင်း သို့မဟုတ် နဖူးစာ ဆိုးခြင်း)သည် (အလ္လာဟ်အရှင်၏အလိုတော် သတ်က်ဒီးရ်သတ်မှတ်မှု)အပေါ် မူတည်နေကြောင်း အတိအလင်းပြသနေပေသည်။ ထိုသဘောတရားသည် (အလ္လာဟ်အရှင်၏အလိုတော်သတ်က်ဒီးရ်သတ်မှတ်မှုအရ အရှင်အလိုရှိသူကို ဟေ့ဒါယသ်ချီးမြှင့်ခြင်းနှင့် အရှင်အလိုရှိသူကို ဒွလာလသ်လမ်းမှားပို့ဆောင်ခြင်း)တည်းဟူသော သဘောတရားနှင့်အတူတူပင်ဖြစ်သည်။ သို့ပါ၍ ဤဟဒီးစ်တော်သည်လည်း (အလ္လာဟ်အရှင်တစ်ပါးတည်းသာလျှင် လူတစ်ဦး၏နဖူးစာကောင်းခြင်း သို့မဟုတ် ဆိုးခြင်းကိုပိုင်စိုးတော်မူသောအရှင်ဖြစ်သကဲ့သို့ လူတစ်ဦးအား ဟေ့ဒါယသ်ချီးမြှင့်မှု သို့မဟုတ် ဒွလာလသ်သို့ ပို့ဆောင်မှုကိုလည်း ပိုင်စိုးတော်မူသောအရှင်ဖြစ်ကြောင်း) အထောက်အထားပင်ဖြစ်သည်။

အလားတူဟဒီးစ်တော်များ ကျမ်းအစောင်စောင်တွင်များစွာလာရှိပေသည်။ ကျမ်းလေးမည်ကိုစိုးရိမ်၍ အချို့ကိုသာတင်ပြလိုက်ခြင်းဖြစ်သည်။ ဤဟဒီးစ်တော်သည်လည်း ကျမ်းကြီး (၇) ကျမ်းတွင်ဖော်ပြပါရှိသောဟဒီးစ်တော်ဖြစ်သည်။

وإنما الأعمال بالخواتيم(رواه البخاري في القدر، رقم الحديث:٦٤٩٣ و ٦٦٠٧)

ဟဒီးစ်တော်တစ်ရပ်၏အစိတ်အပိုင်းတစ်ခုတွင် ဤသို့လာရှိသည်။

လုပ်ရပ်များသည် နိဂုံးများဖြင့်သာအတည်ဖြစ်မည်။

ဆိုလိုသည်မှာ အလ္လာဟ်အရှင်၏သတ်က်ဒီးရ်သတ်မှတ်ချက်အရ ဟေ့ဒါယသ်ချီးမြှင့်ခံရသည့်လုပ်ရပ်ဖြင့်နိဂုံးချုပ်မလား၊ ဒွလာလသ်လမ်းမှားပို့ဆောင်ခြင်းခံရသည့်လုပ်ရပ်ဖြင့် နိဂုံးချုပ်မလား။ နိဂုံးများတွင်လုပ်ဆောင်သောလုပ်ရပ်များသည်သာအတည်ဖြစ်မည်။

أصل القدر

သတ်က်ဒီးရ်အကြောင်း

قوله: ((وأصل القدر سرّ الله تعالى في خلقه، لم يطلع على ذلك ملك مقرب، ولا نبيّ مرسل، والتعمّق والنظر في ذلك ذريعة الخذلان، وسُلَّمُ الحرمان، ودرجة الطغيان، فالحذر كلَّ الحذر من ذلك نظرا وفكرا ووسوسة، فإنّ الله تعالى طوى علمَ القدر عن أنامه، ونهاهم عن مرامه، كما قال تعالى في كتابه: ﴿لَا يُسْئَلُ عَمَّا يَفْعَلُ وَهُمْ يُسْئَلُوْنَ﴾ (الأنبياء: ٢٣) فَمَنْ سَأَلَ : لِمَ فَعَلَ ؟ فَقَدْ رَدَّ حُكْمَ الْكِتَابِ، وَمَنْ رَدَّ حُكْمَ الكتَاب، كان مِنَ الكَافِرِيْنَ)).(شرح العقيدة الطحاوية، ج١، ص٣٢٠)

သတ်က်ဒီးရ်၏မူလပကတိသည် ဖန်ဆင်းခံများနှင့်ပတ်သက်သည့် အလ္လာဟ်အရှင်၏လျှို့ဝှက်ချက်ဖြစ်သည်။ ထိုလျှို့ဝှက်ချက်ကို (အလ္လာဟ်အရှင်နှင့်) နီးကပ်သောမည်သည့် ကောင်းကင်တမန်မျှ ၎င်းနောက် မည်သည့်စေလွှတ်ခြင်းခံရသောနဗီတမန်တော်မျှပင်မသိချေ။ ထိုသတ်က်ဒီးရ်နှင့်ပတ်သက်ပြီး နှိုက်နှိုက်ချွတ်ချွတ် နက်နက်နဲနဲ စဉ်းစားတွေးတောစူးစမ်းခြင်းသည် သေးသိမ်မှု၏အကြောင်းခံဖြစ်သည်။ လက်မဲ့ဖြစ်ခြင်း၏(အကြောင်းခံ)လှေကားဖြစ်သည်။ ပုန်ကန်ဖီဆန်မှုအတွက် တုံးခုလှမ်းရာဖြစ်သည်။ သို့ပါ၍ သတ်က်ဒီးရ်၏လျှို့ဝှက်ချက်နှင့်ပတ်သက်ပြီး အကျိုးမဲ့အကြံအစည်အရဖြစ်စေ၊ တွေးတောသည့်သဘောအရဖြစ်စေ၊ စူးစမ်းသည့်

သဘောအရဖြစ်စေ (မည်သည့်ပုံစံမျိုးနှင့်မျှဝင်ရောက်စွက်ဖက်ခြင်း) လုံးဝ အလျှင်းရှောင်ကြဉ်ပါ။ အကြောင်းမှာ မုချဧကန် အလ္လာဟ်အရှင်မြတ်သည် သတ်က်ဒီးရ်၏အသိတရားအား ဖန်ဆင်းခံတို့ဘက်မှ ပိတ်သိမ်းထားတော်မူခဲ့သည်။ ၎င်းနောက် သတ်က်ဒီးရ်၏အလိုသဘော(စူးစမ်းရေး)မှလည်း ဖန်ဆင်းခံတို့အား တားမြစ်ထားတော်မူသည်။ ထိုအကြောင်းကို အလ္လာဟ် အရှင်က မိမိမုက္ခပါင်္ဂတော်တွင် ဤသို့မိန့်တော်မူထားသည်။ “ထိုအရှင်မြတ်သည် မိမိပြုလုပ်တော်မူသောကိစ္စများနှင့်စပ်လျဉ်း၍ စစ်ဆေးမေးမြန်းခြင်းခံရတော်မူမည် မဟုတ်ပေ။ သို့ရာတွင် ထိုလူသားတို့မူကား (မိမိတို့ပြုလုပ်ကြသောအမှုကိစ္စတို့နှင့်စပ်လျဉ်း၍) စစ်ဆေးမေးမြန်းခြင်းကို ခံကြရပေမည်။” သို့ရှိရာ မည်သူမဆို (ထိုအရှင်က ဤသို့ဘာကြောင့်လုပ်ခဲ့သလဲဟု) မေးခဲ့ပါက ထိုသူသည် မုက္ခပါင်္ဂတော်၏ပညတ်ချက်ကို ပယ်သူဖြစ်၏။ မုက္ခပါင်္ဂတော်၏ပညတ်ကို ပယ်သူသည် ကာဖစ်ရ်ဖြစ်၏။

အေမာမ်ကာသ္ဂိအလီဗင်န်အလီအဗ္ဗလ်အစ်ဇ်ဒေ့မရှ်ကီ رحمه الله သခင်က ရှင်းလင်းတင်ပြထားသည်။

ش: أصل القدر سرّ الله في خلقه، وهو كونه أوجد وأفنى، وأفقر وأغنى، وأمات وأحيا، وأضلّ وهدى. قال علي ﷺ: القدر سرّ الله، فلا تكشفه.(شرح العقيدة الطحاوية، ج١، ص٣٢٠).

သတ်က်ဒီးရ်၏မူလပကတိသည် ဖန်ဆင်းခံများနှင့်ပတ်သက်သည့် အလ္လာဟ်အရှင်၏ လျှို့ဝှက်ချက်ဖြစ်သည်။ အလိုသဘောမှာ ထိုအရှင်၏ ဖန်ဆင်းတော်မူခြင်း၊ ထိုအရှင်၏ဖျက်သိမ်းတော်မူခြင်း၊ ထိုအရှင်၏ဆင်းရဲစေခြင်း၊ ချမ်းသာစေခြင်း၊ ထိုအရှင်၏သေစေခြင်း၊ ရှင်စေခြင်း၊ ထိုအရှင်၏လမ်းမှားပို့ခြင်း၊ ဟေ့ဒါယသ်လမ်းမှန်ချီးမြှင့်ခြင်း စသည်တို့သည်

သတ်က်ဒီးရ်(ခေါ်)အလ္လာဟ်အရှင်၏လျှို့ဝှက်ချက်ဖြစ်သည်။ ဟဇ်ရသ် အလီ(ﷺ)သခင်က အမိန့်ရှိခဲ့သည်။ "သတ်က်ဒီးရ်သည် အလ္လာဟ်အရှင်၏လျှို့ဝှက်ချက်ဖြစ်သည်။ ထိုလျှို့ဝှက်ချက်ကို အသင်မဖွင့်လေနှင့်။"

ဤကျမ်းအသွယ်သွယ်၏အထောက်အထားများဖြင့် (လူတစ်ဦးကို လမ်းမှားပို့ခြင်း သို့မဟုတ် ဟော့ဒါယသ်လမ်းမှန်ချီးမြှင့်ခြင်း)တို့သည် သတ်က်ဒီးရ်အရဖြစ်ကြောင်း ထင်ရှားစွာသိရှိရပေသည်။ သို့ဖြစ်ပါ၍ ဟော့ဒါယသ်လမ်းမှန်ချီးမြှင့်ခြင်းနှင့် လမ်းမှားပို့ဆောင်ခြင်းသည် အလ္လာဟ်အရှင်၏လက်ဝယ်မှာရှိသောသတ်က်ဒီးရ်ဆိုင်ရာလုပ်ပိုင်ခွင့်ဖြစ်သည်။ ယင်းသတ်က်ဒီးရ်ဆိုင်ရာလုပ်ပိုင်ခွင့်ကို ငြင်းဆိုသူသည် ကာဖစ်ရ်ဖြစ်သည်။

استدلال بإجماع أهل السنة والجماعة

အဟ်လွစ်စွန္နသ်ဝလ်ဂျမာအသ်ပညာရှင်အကြီးအကဲများ၏ တညီတညွတ်တည်းဆုံးဖြတ်ချက်ဖြင့်ကိုးကားခြင်း

أمّا أهل السنة: فيقولون: إنّ الله وإن كان يريد المعاصي قدرا، فهو لا يحبها ولا يرضاها، ولا يأمر بها، بل يبغضها، ويسخطها، ويكرهها، وينهى عنها، وهذا قول السَّلَفِ قاطبة، فيقولون: ماشاء الله كان، ومالم يشأْ لم يكن. (شرح العقيدة الطحاوية، ج ١، ص ٧٩).

အဟ်လွစ်စွန္နသ်ဝလ်ဂျမာအသ်ပညာရှင်ကြီးများကမိန့်ဆိုကြသည်။ ဧကန်မုချ အလ္လာဟ်အရှင်သည် သတ်က်ဒီးရ်သဘောအရ အကုသိုလ်ကို အလိုတော်ရှိခဲ့ပါလျှင်လည်း ထိုအရှင်သည် အကုသိုလ်ကို နှစ်သက်တော်မမူပါ။ ကျေနပ်သဘောတူတော်မမူပါ။ အမိန့်ပေးတော်မူသည်လည်းမရှိပါ။ သို့သာမက အကုသိုလ်ကို ရွံရှာတော်မူ၏။ မုန်းတီးတော်မူ၏။ မနှစ်မြို့တော်မူ၏။ ၎င်းနောက် တားမြစ်တော်မူ၏။ ဤသည် အဟ်လွစ်စွန္နသ်ဝလ်

ဂျမာအသ်သာသနာ့ပညာရှင် အကြီးအကဲတို့၏တညီတညွတ်တည်းဆုံးဖြတ်ချက်ပင်ဖြစ်သည်။ သို့ရှိရာ ၎င်းတို့က ဆက်လက်၍ ဤသို့မိန့်ဆိုကြသည်။ အလ္လာဟ်အရှင် သတ်က်ဒီးရ်အရ အလိုရှိသည်သာအတည်ဖြစ်ခဲ့သည်။ အလ္လာဟ်အရှင် သတ်က်ဒီးရ်အရ အလိုမရှိခဲ့သောအရာသည် လုံးဝမဖြစ်ရှိခဲ့ပါ။

ما أثر عن الإمام أحمد من وجوب الإيمان بالقدر

٩٩ــ وقال: حضرت رجلا عند أبي عبد الله وهو يسأله، فجعل الرجل يقول: يا أباعبد الله، رأس الأمر وإجماع المسلمين على أن الإيمان بالقدر خيره وشره، حلوه ومره، والتسليم لأمره، والرضا بقضائه؟ فقال أبو عبد الله: نعم. (المسائل والرسائل المروية عن الإمام أحمد بن حنبل في العقيدة، ج ١، ص ١٣٨).

သတ်က်ဒီးရ်သတ်မှတ်ချက်ကို
အီမာန်သက်ဝင်ယုံကြည်ရန်ဝါဂျစ်ဗ်ဖြစ်ကြောင်း
အေမာမ်အဟ်မဒ် (رحمه الله) သခင်ထံမှ လာရှိသောဆင့်ပြန်ချက်

အဗူအဗ်ဒ်လ္လာဟ် အေမာမ်အဟ်မဒ်သခင်ထံ လူတစ်ယောက်မေးမြန်းနေသည့်အခါ ကျွန်ုပ်အသင့်ရောက်ရှိခဲ့သည်။ မေးမြန်းသူက ဤသို့ပြောကြားနေသည်။ "အို . . အဗူအဗ်ဒ်လ္လာဟ် သတ်က်ဒီးရ်အရ အလ္လာဟ်အရှင်၏ဆုံးဖြတ်ချက်ကို ကျေနပ်ခြင်း၊ ထိုအရှင့်အမိန့်ကိုနာခံခြင်း၊ ချိုသည်၊ ခါးသည်၊ ကောင်းသည်၊ ဆိုးသည်တို့သည် ထိုအရှင်၏ သတ်က်ဒီးရ်သတ်မှတ်ချက်အရဖြစ်ကြောင်း အီမာန်သက်ဝင်ယုံကြည်ရမည့်အပေါ် မွစ်လင်မ့် ပညာရှင်အကြီးအကဲများ တညီတညွတ်တည်းဆုံးဖြတ်ထားခြင်းသည် အဓိကကိစ္စဖြစ်ပါသလား"။ ထိုအခါ အေမာမ်အဟ်မဒ်

သခင်က "ဟုတ်ကဲ့"ဟုဖြေကြားခဲ့သည်။

اہل سنت والجماعت کا اجماعی عقیدہ یہ ہے کہ قضاء وقدر حق ہے اور کوئی ذرہ اس کی تقدیر سے باہر نہیں اور کسی کی مجال نہیں کہ اس کی قضاء وقدر کو کوئی ٹال سکے یا اس کو آگے یا پیچھے کر سکے وہ جس کو چاہے ہدایت دے اور جس کو چاہے گمراہ کرے اس سے کوئی باز پرس نہیں ہو سکتی.

(عقائد اسلام، ج ١، ص ٥٧).

အဟ်လေ့စွန္နသ်ဝလ်ဂျမာအသ်၏ပညာရှင်ကြီးများ တညီတညွတ်တည်းဆုံးဖြတ်ခဲ့သောယုံကြည်ချက်သည် ဤသို့ဖြစ်သည်။ သတ်ကဒီးရ်ဆုံးဖြတ်ချက်သည် အမှန်တရားပင်ဖြစ်သည်။ မည်သည့်မြူမှုံမျှပင် ထိုအရှင်၏သတ်ကဒီးရ်သတ်မှတ်ချက်မှပြင်ပသို့ ရောက်သည်ဟူ၍ အလျင်းမရှိ။ ထိုအရှင်၏သတ်ကဒီးရ်သတ်မှတ်ချက်ကို ဆိုင်းငံ့ဝံ့သူ၏ဟူ၍ အလျင်းမရှိ။ ရှေ့တိုးနောက်ဆုတ်ပြုဝံ့သူဟူ၍အလျင်းမရှိ။ ထိုအရှင်အလိုရှိတော်မူသူကို ဟေ့ဒါယသ်ချီးမြှင့်မည်။ ထိုအရှင်အလိုရှိတော်မူသူကို လမ်းမှားပို့မည်။ ထိုအရှင့်ကို မည်သူမျှ မေးနိုင်စွမ်းအလျင်းမရှိ။

အဟ်လွစ်စွန္နသ်ဝလ်ဂျမာအသ်ပညာရှင်အကြီးအကဲများ၏(အစ်ဂျ်မာအ်) တညီတညွတ်တည်းဆုံးဖြတ်ချက်အရလည်း ဟေ့ဒါယသ်နှင့် ဒွလာလသ်သည် အလ္လာဟ်အရှင်၏လက်ဝယ်မှာသာရှိကြောင်းနှင့် ယင်းကိစ္စသည် သတ်ကဒီးရ်၏ကဏ္ဍဖြစ်ကြောင်း ထင်ရှားစွာသိရှိရပေသည်။

☆☆☆☆☆☆☆

علم الشريعة والفتاوى

ရှရီအသ်၏ပညာနှင့် ဓမ္မသတ်များကဏ္ဍ

لأنَّ العلم علمان: علمٌ في الخلق موجودٌ، وعلم في الخلق مفقود، فإنكار العلمِ الموجود كفرٌ، وادعاءُ العلم المفقود كفر، ولا يثبت الإيمان إلا بقول العلم الموجود، وتركِ طلبِ العلمِ المفقود).

ပညာသည် (၂) မျိုးရှိသည်။ ၁။ ဖန်ဆင်းခံအတွင်းတည်ရှိသော (ရှရီအသ်၏) ပညာရပ်။ ၂။ ဖန်ဆင်းခံအတွင်း မရှိသော(သတ်ကဒီးရ်နှင့် အ ကွယ်၏)ပညာရပ်။ ဖန်ဆင်းခံအတွင်းရှိသော (ရှရီအသ်၏)ပညာရပ်အား ငြင်းဆန်ခြင်းသည် ကွဖ်ရ်ဖြစ်သည်။ ဖန်ဆင်းခံအတွင်း မရှိသော (သတ်က် ဒီးရ်နှင့်အကွယ်၏)ပညာရပ်အား သိသည်ဟု ကြွေးကြော်ခြင်းသည် ကွဖ်ရ် ဖြစ်သည်။

ش: ...... ويعني بالعلم المفقود: علم القدر الذي طواه الله عن أنامه، ونهاهم عن مرامه، ويعني بالعلم الموجود: علم الشريعة، أصولها وفروعها، فمن أنكر شيئا مما جاء به الرسول كان من الكافرين، ومن ادّعى علم الغيب كان من الكافرين، قال تعالى: ﴿عٰلِمُ الْغَيْبِ فَلَا يُظْهِرُ عَلٰى غَيْبِهٖۤ أَحَدًا إِلَّا مَنِ ارْتَضٰى مِنْ رَّسُوْلٍ﴾(سورة الجن، الآية:٢٦، ٢٧)، وقال تعالى: ﴿إِنَّ اللّٰهَ عِنْدَهٗ عِلْمُ السَّاعَةِ وَيُنَزِّلُ الْغَيْثَ وَيَعْلَمُ مَا فِي الْأَرْحَامِ وَمَا تَدْرِيْ نَفْسٌ مَّاذَا تَكْسِبُ غَدًا وَمَاتَدْرِيْ نَفْسٌ بِأَيِّ أَرْضٍ تَمُوْتُ إِنَّ اللّٰهَ عَلِيْمٌ خَبِيْرٌ﴾ (سورة لقمان، الآية:٣٤). ولا يلزم من خفاء حكمة الله تعالى علينا عدمُها، ولا انتفاؤها جهلنا حكمته ، ألا ترى أنَّ خفاء حكمة الله علينا في خلق الحيَّات والعقارب والفأر والحشرات ، التي لا يعلم منها إلا المضرّة : لم ينف أن يكون الله تعالى خالقا لها، ولا يلزم أن لايكون فيها حكمةٌ خفيت علينا ، لأن عدم العلم لا يكون علما بالمعدوم.(شرح العقيدة الطحاوية، ج١، ص٣٤٣).

အလ္လာဟ်အရှင်၏လက်ဝယ်တွင်သာ ဟော့ဒါယသ်နှင့် ဒွလာလသ် တည်ရှိပိုင်ဆိုင်ခြင်းကို နေဇာမွဒ္ဒီးန်မရ်ကဇ်မှ မော်လဝီစအဒ်က ငြင်းဆန်ခဲ့ သည်။ ယင်းပိုင်ဆိုင်မှုကို ငြင်းဆန်ခြင်းသည် သတ်က်ဒီးရ်ဆိုင်ရာ ကဏ္ဍကို ဝင်ရောက်စွက်ဖက်ကြွေးကြော်သည်ဖြစ်၍ ကာဖစ်ရ်ဖြစ်၏။

မော်လဝီစအဒ်သည် ရှရီအသ်၏မဏ္ဍိုင်ကြီးများဖြစ်သော ကုရ် အာန်ကျမ်းတော်မြတ်၊ ဟဒီးစ်တော်နှင့် အစ်ဂျ်မာအ်အရလာရှိသောအမိန့် တော်တို့ကို ငြင်းသူဖြစ်ခဲ့ပါသည်။ ထို့ကြောင့် ၎င်းသည် (ရှရီအသ်ကို) ငြင်းဆန်သူဖြစ်၍ ကာဖစ်ရ်ဖြစ်သည်။ဟု အေ့မာမ်သွဟာဝီနှင့် ကာသွီ အဗွလ်အစ်ဇ်ဒ့ေမရှကီတို့က ဓမ္မသတ်ထုတ်ပြန်ထားသည်။

ထို့အပြင် မော်လဝီစအဒ်သည် သတ်က်ဒီးရ်ဆိုင်ရာ အလ္လာဟ်အ ရှင်၏ဂုဏ်တော်ကိုငြင်းဆန်လျက် အလ္လာဟ်အရှင်၏(ဇားသ်တော်)ကိုပါ စော်ကားခဲ့ပါသည်။

ကာသွီအေ့ယားသ္ွ(رحمه الله)သခင်က အောက်ပါအတိုင်း ဓမ္မ သတ်ထုတ်ပြန်ထားသည်။

ကုရ်အာန်ကို ပေါ့ပြက်ပြက်ပြုသူ ကာဖစ်ရ်ဖြစ်၏။
ကုရ်အာန်၏အချို့အစိတ်အပိုင်းကို ပေါ့ပြက်ပြက်ပြုသူ ကာဖစ်ရ် ဖြစ်၏။
ကုရ်အာန်နှင့် ကုရ်အာန်ကို ဆဲရေးတိုင်းထွာသူ ကာဖစ်ရ်ဖြစ်၏။
ကုရ်အာန်တစ်အုပ်လုံးကို ငြင်းသူ ကာဖစ်ရ်ဖြစ်၏။
ကုရ်အာန်မှ အက္ခရာတစ်ခုကို ငြင်းသူ ကာဖစ်ရ်ဖြစ်၏။
ကုရ်အာန်၏အာယသ်တော်တစ်ခုကို ငြင်းသူ ကာဖစ်ရ်ဖြစ်၏။
ကုရ်အာန်ကို လိမ်လည်ထားသောအရာဟု စွပ်စွဲသူ ကာဖစ်ရ်ဖြစ်၏။
ကုရ်အာန်၏အချို့ကိုလိမ်လည်ထားသောအရာဟု စွပ်စွဲသူကာဖစ်ရ်ဖြစ်၏။

ကုရ်အာန်ကျမ်းလာ အမိန့်တစ်ခုခုကို လိမ်လည်ထားသောအရာဟု စွပ်စွဲသူ ကာဖစ်ရ်ဖြစ်၏။
ကုရ်အာန်ကျမ်းလာ သတင်းပေးမှုတစ်ရပ်ကို လိမ်လည်ထားသောအရာဟု စွပ်စွဲသူ ကာဖစ်ရ်ဖြစ်၏။
ကုရ်အာန်က ပယ်ထားသည်ကို အတည်လုပ်သူ ကာဖစ်ရ်ဖြစ်၏။
ကုရ်အာန်က အတည်ပြုထားသည်ကို ပယ်သူ ကာဖစ်ရ်ဖြစ်၏။
ကုရ်အာန်၏တစ်စုံတစ်ရာတွင် သံသယရှိသူ ကာဖစ်ရ်ဖြစ်၏။

ဤဆုံးဖြတ်ချက်သည် ဓမ္မသတ်ပညာရှင်များ၏(အစ်ဂျ်မာအ်)တညီတညွတ်တည်းဆုံးဖြတ်ချက်ဖြစ်သည်။

قال القاضي عياض: اعلم أن من استخفّ بالقرآن ، أو المصحف ، أو بشيء منه، أو سبّها، أو جحده، أو حرفا منه أو آية، أو كذّب به ، أو بشيءٍ منه ، أو كذّب بشيءٍ مما صرح به فيه من حكم ، أو خبر ، أو أثبت مانفاه ، أو نفى ما أثبته على علم منه بذلك، أو شك في شيء من ذلك فهو كافر عند أهل العلم بإجماع. (الشفا: ج٢، ص ١١٠١)

အဗူအွစ္စမာန်အလ်ဟဒ္ဒါဒ်သခင်က ဓမ္မသတ်ထုတ်ပြန်ခဲ့သည်။ အလ္လာဟ်တစ်ပါးတည်းကို ယုံကြည်လက်ခံကြသောသောင်ဟီဒ်ရှင်အားလုံးတို့က တညီတညွတ်တည်း ဆုံးဖြတ်ထားကြသည်။ ကုရ်အာန်ကျမ်းမြတ်မှ အက္ခရာတစ်ခုကို ငြင်းဆန်သူသည် ကာဖစ်ရ်ဖြစ်၏။

وقال أبو عثمان الحداد: جميع من ينتحل التوحيد متفقون أن الجحد لحرف من التنزيل كفر. (الشفا: ج٢، ص١١٠٥).

အေ့မာမ်အစ်ဗ်နို့ကို့ဒါမဟ်(رحمه الله) သခင်က ဓမ္မသတ်ထုတ်ပြန်ခဲ့သည်။ ကုရ်အာန်ကျမ်းလာအာယသ်တော်တစ်ခု သို့မဟုတ် ကုရ်

အာန်ဖြစ်ကြောင်း ညီညွတ်ထားသောစာလုံးတစ်လုံး သို့မဟုတ် ကုရ်အာန်ဖြစ်ကြောင်း ညီညွတ်ထားသောအက္ခရာတစ်ခုကို ငြင်းဆန်သူသည် ကာဖစ်ရ်ဖြစ်၏။ ဤဆုံးဖြတ်ချက်သည် မွတ်စ်လင်မ်အားလုံး အကွဲအလွဲမရှိသောတညီတညွတ်တည်း ဆုံးဖြတ်သည့်ဓမ္မသတ်ပင်ဖြစ်သည်။

وقال ابن قدامة: ولا خلاف بين المسلمين أجمعين أن من جحد آية، أو كلمة متفقا عليها أو حرفا متفقا عليه أنه كافر. (حكاية المناظرة في القرآن مع بعض أهل البدعة:ص٣٣).

ဟဇ်ရသ်အလီ(ﷺ)သခင်က ဓမ္မသတ်ထုတ်ပြန်ခဲ့သည်။ ကုရ်အာန်ကျမ်းလာ အက္ခရာတစ်ခုကို ငြင်းဆိုခဲ့သူသည် ကုရ်အာန်တစ်အုပ်လုံးကိုငြင်းဆိုခဲ့သောကာဖစ်ရ်သာဖြစ်သည်။

قال علي بن أبي طالب ﷺ: من كفر بحرف من القرآن فقد كفر به كله. (حكاية المناظرة في القرآن مع بعض أهل البدعة: ص٣٣).

ဟဇ်ရသ်အဗ်ဒွလ္လာဟ်ဗင်န်မတ်စ်အူးဒ်(ﷺ)သခင်က ဓမ္မသတ်ထုတ်ပြန်ခဲ့သည်။ မည်သူမဆို ကုရ်အာန်ကျမ်းမြတ်မှ အက္ခရာတစ်ခုကို ငြင်းဆိုခဲ့ပါမူ မုချထိုသူသည် ကုရ်အာန်တစ်အုပ်လုံးအား ငြင်းဆိုသူကာဖစ်ရ်သာဖြစ်သည်။

وقال عبد الله بن مسعود ﷺ: من كفر بحرف منه فقد كفربه أجمع (شرح أصول اعتقاد أهل السنة للالكائي: ج٢،ص٢٣٢).

ဟဇ်ရသ်အဗ်ဒွလ္လာဟ်ဗင်မို့ဗာရတ်က်(رحمه الله)သခင်က ဓမ္မသတ်ထုတ်ပြန်ခဲ့သည်။ ကုရ်အာန်ကျမ်းမြတ်မှ အက္ခရာတစ်ခုကို ငြင်းဆိုသူသည် မုချ ထိုသူသည် ကွဖ်ရ်လုပ်သူဖြစ်၏။

وقال عبد الله بن المبارك : من كفر بحرف من القرآن فقد كفر، ومن قال: لا أؤمن بهذه اللام فقد كفر. (مجموع الفتاوى لابن تيمية:ج٤، ص١٨٢).

သတ်ကဲဝါနှင့်ရှုရီအသ်၏အသိပညာခေါင်းပါး၍ မှားယွင်းသောနှိုင်းယှဉ်မှုပြုကာ ရင်တွင်းမှကွဖ်ရ်၏စကားများ ဖွင့်အံလာခဲ့သောမော်လဝီစအဒ်

အလ္လာဟ်အရှင်တစ်ပါးတည်းသာပိုင်ဆိုင်သောဟော့ဒါယသ်နှင့် ဒွလာလသ်ကဏ္ဍသည် သတ်ကဒီးရ်ဆိုင်ရာ အပြောင်းအလဲမဲ့ကဏ္ဍဖြစ်သည်ကို ဖန်ဆင်းခံတို့၏(ဟော့ဒါယသ်အကြောင်းခံ)ကဏ္ဍဖြင့် နှိုင်းယှဉ်ခြင်းသည် မှားယွင်းသောအယူအဆဖြစ်သည်။ ဖန်ဆင်းရှင်၏အပြောင်းအလဲမဲ့ စီမံကိန်းကို ဖန်ဆင်းခံ၏မတည်မြဲသောစီမံကိန်းနှင့် နှိုင်းယှဉ်ရာရောက်၏။ ထိုသို့နှိုင်းယှဉ်ရေးအတွက် ဖန်ဆင်းရှင်၏အပြောင်းအလဲမဲ့သတ်ကဒီးရ်ဆိုင်ရာ အလ္လာဟ်အရှင်၏လက်ဝယ်တွင် ဟော့ဒါယသ်ပိုင်ဆိုင်တည်ရှိခြင်းကို ငြင်းပယ်ခြင်းသည် ပို၍ပင်ဆိုးဝါးသော ကုရ်အာန်ကျမ်းမြတ်တွင်အတိအလင်းလာရှိသောအမိန့်ကို ငြင်းပယ်သည့်ဝါဒဖြစ်ပေသည်။ ထိုသို့ကျမ်းလာအမိန့်ကို ငြင်းပယ်သူအား ကာဖစ်ရ်ဖြစ်သည်ဟု အော့မာမ်သွဟာဝီသခင်နှင့် အော့မာမ်ကာသွိအလီဗင်န်အလီအဗွလ်အစ်ဇ် ဟနဖီဒေ့မရ်ှကီတို့က (ရှရ်ဟွလ်အကီဒဟ် အသ်သွဟာဝီယဟ်ကျမ်း အတွဲ ၁၊ စာမျက် ၃၂၀)တွင် အတိအလင်း ဓမ္မသတ်ထုတ်ပြန်ထားသည်။

မော်လဝီစအဒ်သည် ယခုကဲ့သို့ ကွဖ်ရ်ဖြစ်စေသောစကားများ ပြောလာရခြင်း၏အကြောင်းအရင်းမှာ ငါတကော ကောလိုခြင်း၊ စိတ်ရိုင်း၏အလိုနောက်လိုက်ခြင်း၊ အမီးရ်ဖြစ်လိုသောရာထူးရူးသည့်ရောဂါစွဲကပ်ခြင်း၊ မိမိဖခင်နှင့် မိမိအားပညာသင်ပေးခဲ့သောဆရာသခင်တို့အား မထီမဲ့မြင်လုပ်ခြင်း၊ ကျေးဇူးကမ်းခြင်း၊ ရိုင်းဆိုင်းစွာဆက်ဆံခြင်း၊ အသက်အန္တရာယ်ပြုသည့်လုပ်ရပ်များ၏ရလဒ်သာဖြစ်သည်။

"ဆရာကို ကာပြန်ရင် အာလှံစူးမယ်"ဆိုတဲ့ဆုံးမစကားရဲ့ ပုံရိပ်အမှန်ကို အလ္လာဟ်အရှင်က ဒွန္နယာမှာပင် ပြလိုက်တာပါပဲ။

အာလှံစူးပြီး ကွဖ်ရ်ရဲ့စကားတွေပြောနေသူကို အရှုံးအမှုံးကြည်ညိုကာ အမီးရ်အဖြစ်ခံယူပြီးနောက်လိုက်နေသူတို့အဖြစ်ကား ဖွတ်ထွက်လို့တောင်ပို့မှန်းမသိသူတို့နှင့်တူနေပေသည်။ သဗ်လီးဂ်အရေခြုံပြီး ရှရီအသ်ကို ကျောခိုင်းကာ ပြောချင်ရာပြော လုပ်ချင်ရာလုပ်လိုက်တာဟာ (နေ့ဗွာမွဒ္ဒီးန်မရ်ကဇ်)ကပင် စတင်တာပါပဲ။ ကြည့်လေ (အလ္လာဟ်လက်ဝယ်မှာ ဟော့ဒါယသ်မရှိဘူးတဲ့။) အဲဒီတော့" ရန်ကုန် တစ်ခြမ်းပဲ့ မရ်ကဇ် " ကတာဝန်ခံတွေနဲ့ မြန်မာတစ်ပြည်လုံးရှိ မရ်ကဇ်အားလုံးက လူတွေလည်း ရှရီအသ်နားမလည်ကြတော့ ထင်ရာယုံ ထင်ရာပြော ထင်ရာလုပ်ကုန်ကြတော့တာပေါ့။ လူသာမန်တွေခင်ဗျာတော့ အတွင်းမှာလောက်ကျနေတာကို မသိရှာကြဘူး။

အလ္လာဟ်အရှင့်လက်တော်ထဲက ဟော့ဒါယသ်ကို လုလိုက်တဲ့ စော်ကားမှုကြီးကို သဗ်လီးဂ်အရေခြုံပြီး သာသနာပြုတဲ့ခေါင်းစဉ်နဲ့ သာသနာပျက်စေတဲ့စကားပြောပြီး သာသနာဖျက်နေတာကို မျက်ကွယ်ပြုပြီး ဘယ်အထိနေကြဦးမှာလဲ။ အဲဒီလိုလူနောက်သို့ အကန်းများလိုက်ကြပုံမျိုး လိုက်နေခြင်းဟာ အမှန်တရားလား စဉ်းစားကြည့်ကြပါ။ ပါကစ်တန်နိုင်ငံနှင့် ဗင်္ဂလာဒစ်ရှ်နိုင်ငံတို့က ပညာရှင်တွေက အမှန်ကို အမှန်အတိုင်းသိလို့ မော်လဝီစအဒ်၏လမ်းမှားမှုကို လက်မခံဘဲ နေခဲ့ကြတာ။ ထို့အတူ ကမ္ဘာအဝန်းက မရ်ကဇ်တွေကလည်း လက်မခံဘဲနေခဲ့ကြတဲ့အဖြစ်ဟာ ကမ္ဘာလုံးဆိုင်ရာဖြစ်လာတော့ ဆင်သေကို ကြွက်သားရေနဲ့ဖုံးဘို့ သဗ်လီးဂ်သမားတွေ ဝိုင်းပြီးကြိုးစားသော်ငြားလည်း ယခုတော့ဗူးပေါ်သလိုပေါ်နေပြီ။

စဉ်းစားဆင်ခြင်တတ်တဲ့အသိတရားရှင်တွေက လက်မခံတော့ဘူး။

အဲ့ဒီလမ်းမှားမှုကြီးကို ရန်ကုန်မရိကဇ်က မော်လဝီ အဗ်ဒွလ် ကာဒစ်ရ်နှင့် ကြံရာပါအပေါင်းအပါတွေက ပူးပေါင်းပြီး လက်ခံကျင့်သုံးနေကြတာဖြစ်တယ်။ ဗမာတစ်ပြည်လုံးရှိ မရိကဇ်တွေကိုလည်း သူတို့ပဲ လမ်းညွှန်မှာ ကြားပြီး အွမ္မသ်ကို လမ်းမှားသို့ ပို့နေကြတာဖြစ်တယ်။ နေ့ဇ္ဇာမွဒ္ဒီးန် အတွင်းထဲမှာ လောက်ကျပြီး ကွဖ်ရ်ရဲ့စကားတွေ ပြောဆိုရေးသားနေတဲ့ မော်လဝီစအဒ်ရဲ့လုပ်ရပ်တွေကို မော်လဝီအဗ်ဒွလ်ကာဒစ်ရ် တစ်ခြမ်းပဲ့ဟာ လွန်ခဲ့သည့်နှစ်အတန်ကြာကတည်းက သိရှိပြီးဖြစ်ပါတယ်။ မော်လဝီအဗ်ဒွလ်ကာဒစ်ရ်ဟာ မော်လဝီစအဒ်ရဲ့ (ကလေ့မာဟ်ကီးဒအ်ဝသ်)ဟူသောစာအုပ်ကိုဘာ သာပြန်ခဲ့တယ်။ စာမျက်နှာ (၆၇) အတွဲ (၁) စားကြောင်းရေ (၉ ၊ ၁၀၊ ၁၁၊ ၁၂)ကို ကျော်ပြီးတော့ဘာသာပြန်ခဲ့တယ်။ အဲ့ဒီစာကြောင်းတွေထဲမှာ အလ္လာဟ်လက်ဝယ်၌ ဟော့ဒါယသ်နှင့် ဒွလာလသ်ပိုင်ဆိုင်ခြင်းကို ငြင်းဆန်တဲ့စာသားတွေအတိအလင်းပါရှိနေတာဖြစ်တယ်။ အဲဒီစကားကို မော်လဝီစအဒ်က ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့တွင် နယူးဒေလီ၏ အီးဒ်ဂါဟ်တွင်ပြောခဲ့တာဖြစ်တယ်။

အဲဒီလို လမ်းလွဲနေတဲ့စကားတွေကို ကျော်သွားခြင်းဟာ မရိုးသားဘူး။ သူတို့ကိုးကွယ်တဲ့သခင်ကို လူတို့အပြစ်ပြောလာမှာစိုးလို့ ဖုံးဖိကာ ကွယ်ပေးတဲ့အလုပ်ကို ဆောင်ရွက်ပေးတာပေါ့။ ထို့အတူ ဗမာတစ်ပြည်လုံးရှိ သဗ်လီးဂ်ကိုချစ်ကြသောအာလင်မ်သာသနာ့ပညာရှင်များနှင့်လူသာမန်အားလုံးတို့၏ရှေ့တွင် အမှန်ကို အမှန်အတိုင်းချမပြဘဲ ခေ့ယာနသ်သစ္စာဖောက်တဲ့အလုပ်ကို လုပ်ပြလိုက်တာပါပဲ။ အဲ့ဒါကို ကျန်တာဝန်ခံ

တွေအားလုံးကလဲ ကြံ့ရာပါများနည်းတူ ငြိမ်ပြီးနေကြတယ်။ အမှန်ကို အမှန်အတိုင်း ရှင်းရှင်းလင်းလင်းမထုတ်ဖော်ရဲကြဘူး။ အမှားကို အမှားဟု လည်း ရှင်းရှင်းလင်းလင်း မထုတ်ဖော်ရဲကြဘူး။ အဲဒါဟာ သာသနာပြုသူ တို့ရဲ့ အရည်အချင်းလား။ ဒီအရည်အချင်းမျိုးတွေနဲ့ အွမ့်သ်ရဲ့အီမာန်တွေ ထိန်းသိမ်းကာကွယ်ပေးနိုင်မဲ့အစား အွမ့်သ်ရဲ့အီမာန်တွေပါ သူတို့ရေစုန် မျောသလို မျောကုန်မှာစိုးရိမ်ရတယ်။ အွမ့်သ်ရဲ့ဒွန္နယာနှင့်အာခေ့ရသ်ပါ ပျက်စီးကုန်မှာစိုးရိမ်ရတယ်။ ဝေးဝေးကိုသာရှောင်ကြပေတော့။ ထို့ကြောင့် လက်ရှိ မော်လဝီစအဒ်ရဲ့ လက်ဝါးကြီးအုပ် သိမ်းပိုက်စိုးမိုး ခြယ်လှယ်မှု အောက်တွင် ပြားပြားဝပ် ရောက်ရှိသွားရှာတဲ့ နေ့ဇာမွဒ္ဒီးန်မရ်ကဇ်သို့ သွားခြင်းနှင့် သွားဖို့ဖိတ်ခေါ်ခြင်းအားလုံးတို့ဟာ ဟရာမ်ဖြစ်သောကိစ္စရပ် များဖြစ်သည်။ မော်လဝီစအဒ်၏နောက်လိုက် ခြင်းသည်လည်း ဟရာမ် ဖြစ်သည်။ သူ၏မသန့်ရှင်းသောအကြံအစည်များနှင့် ရောပြွန်းနေသည့် လက်ရှိဗမာပြည်၏သဗ်လီးဂ်လုပ်ငန်းသည်လည်း သန့်ရှင်းရေးမလုပ်ဘဲ ဝင်ရောက်အချိန်ပေးကြိုးပမ်းသင့်သောကိစ္စ မဟုတ်တော့ပါ။

လွန်လေပြီးသောဟဇ်ရသ်ကြီး(၃)ပါး၏သန့်ရှင်းသောကြိုးပမ်းမှုကို သာလက်ခံကျင့်သုံးကြပါ။ မိမိတို့၏ကြိုးပမ်းမှုတိုင်းကို ရှရီအသ်ဘောင်အ တွင်းမှသာ ကြိုးပမ်းကြပါ။ ရှရီအသ်၏ဘောင်ကိုသိရှိနားလည်သောသာသ နာ့ပညာရှင်များ၏ဆုံးမလမ်းညွှန်မှုများကို လက်ခံနာယူကျင့်သုံးကြပါ။ ရှရီ အသ်ကို ငြင်းလျှင် ကာဖစ်ရ်ဖြစ်မည်။ ကျော်ခိုင်းလျှင် လမ်းမှားရောက် မည်။ ကျော်ခိုင်းမှုသည် ဟရာမ်ဖြစ်သည်။

ရှရီအသ်ကို နားလည်သောပညာရှင်များကို ဒအ်ဝသ်နားမလည် ဘူးဟု ဂျာဟစ်လ်သဗ်လီးဂ်သမားများပြောသည့်စကားသည် ၎င်းတို့၏အ

သိတရားကင်းမဲ့မှုကိုသာ မှတ်ကျောက်တင်ပေ၏။

မော်လဝီစအဒ်က ရှရီအသ်မဟုတ်ဘူး။ ရှရီအသ်၏ဘောင်အပြင်ကလူဖြစ်နေပြီ။ သူလည်းတရားမဝင်သလို သူ့စကားတွေလည်း တရားမဝင်တော့ဘူးဆိုတာ အထက်ပါအထောက်အထားများကို အစွဲကင်းစွာဖြင့် ဖတ်ရှုပါက မိမိအီမာန်နှင့် မိမိအာခေ့ရသ်ကို ထိန်းသိမ်းလိုသူအဖို့ လုံလောက်ပါသည်။

နိုင်ငံတကာမှ ပညာရှင်များသည် ယခုစနစ်တကျ စိစစ်လာကြပြီ။ နှစ်ပေါင်း (၂၀) ကာလအတွင်းမှာ မော်လဝီစအဒ်၏ရှရီအသ်နှင့်ဆန့်ကျင်သောမှားယွင်းသည့်အတွေးအခေါ်အယူအဆပေါင်း (၄၀၀)ကျော်ရှိသွားပြီဟု မှတ်တမ်းတင်ပြီးပါပြီ။ မကြာမီမှာ အသေးစိတ်ရှင်းလင်းချက်များနှင့် တကွ ထွက်ပေါ်လာမည်ဖြစ်ပါသည်။

ဒါကိုပဲကြည့်ပြီး အသိဉာဏ်ရှိသောထမင်းစားသူမှန်လျှင်နားလည်သဘောပေါက်မည်ဖြစ်ပါသည်။ မော်လဝီစအဒ်ရဲ့ အမှားပေါင်း (၄၀၀)ကျော်ကို (ဒအ်ဝသ်ကိုနားမလည်ဘူးလို့စွပ်စွဲခြင်းခံရတဲ့ရှရီအသ်ကိုနားလည်သည့်အာလင်မ်သာသနာ့ပညာရှင်များကပဲ)ထောက်ပြနေတာဖြစ်တယ်။ အဲဒီကိစ္စကို ရှရီအသ်တရားတော်၏မူဘောင်အတွင်းမှ မည်သည့်သဗ်လီးဂ်သမားမျှ ထောက်ပြနိုင်စွမ်းမရှိပါ။

အရေးကြီးတဲ့မတ်စ်အလဟ်တစ်ခုကိုတင်ပြလိုက်ဦးမယ်။

ကွဖ်ရ်ဖြစ်တယ်ဆိုတာကို ပေါ့သေးသေးလို့ မထင်နဲ့။ လက်တွေ့လုပ်မှ မဟုတ်ဘူး။ ကွဖ်ရ်ကို နီယသ်ပြုတာနဲ့ ကွဖ်ရ်ဖြစ်တယ်။ အဲဒီအတွက် ဓမ္မသတ်ထွက်စရာ မလိုဘူး။

واعلم: من نوى الكفر يكفر ويخرج عن دين الإسلام في الحال، لأن الهم بـالكفر يزيل التصديق، فإذا زال التصديق صار منافقا، والمنافق كافر، والهم بالكفر غير مغفور بالإجماع. (شرح بدء الأمالي، ص٣٢٩).

ထို့အတူ တမန်တော်မြတ်(ﷺ)ယူဆောင်လာခဲ့သောတရားဒေသနာများအနက်မှ တစ်စုံတစ်ရာကို ငြင်းဆန်ခဲ့ပါက ငြင်းဆန်သူသည် ကာဖစ်ရ်ဖြစ်၏။

فمن أنكر شيئا ممّا جاء بها الرسول ﷺ كان من الكافرين. (شرح العقيدة الطحاوية، ج١، ص٣٤٣).

ထိုသို့ငြင်းဆန်သူက ငြင်းဆန်ခဲ့လျှင် ငြင်းဆန်သည်နှင့် ချက်ချင်းကာဖစ်ရ်ဖြစ်လေသည်။ ထိုကာဖစ်ရ်ဖြစ်မှုအတွက် ခမ္မသတ်ထွက်မှ ကာဖစ်ရ်ဖြစ်သည်ဟု မှတ်ယူခြင်းသည် မှားယွင်းသောအယူဝါဒသာဖြစ်သည်။

အထောက်အထားပေါ်ပေါက်သည်နှင့် ချက်ချင်းအမိန့်သည်လည်း အတည်ဖြစ်လေသည်။

ترتب الحكم عليه عند وجوده، أي يستلزم وجوده وجود الحكم فيؤاخذ موجده أي من يرتكبه ويباشره. (الموجز في أصول الفقه، ص٦١).

الأحكام الشرعية تتعلق بأسبابها. (أصول الشاشي مع أحسن الحواشي، ص ٢٢٥).

لان ثبوت الحكم بحسب الدليل. (أصول السرخسي، ص١١٢).

والمعانى الناقضة للوضوء: كل ما خرج من السبيلين. (مختصر القدوري، ص٩).

ဒွါရနှစ်ခုလုံးမှထွက်သောအရာအားလုံးတို့သည် ဝုဇူကို ပျက်စေ၏။

ဒွါရနှစ်ခုအနက် တစ်ခုခုမှ မည်သည့်အရာပဲထွက်ထွက် ဝိုဇူကို ပျက်စေ၏။ ဒွါရနှစ်ခုအနက် တစ်ခုခုမှ တစ်စုံတစ်ရာထွက်လို့ ဝိုဇူပျက်တဲ့ ကိစ္စဟာ ဖယ်ဝါမွေသတ်ထွက်သည်ဖြစ်စေ၊ မထွက်သည်ဖြစ်စေ ဝိုဇူပျက်၏။ ထိုနည်းအတိုင်းပင် ရိုဇာသည်တစ်ဦးသည် အတလိစားမည်၊ သောက်မည်ဆိုပါက ရိုဇာပျက်၏။ ၎င်း၏ရိုဇာစောင့်ထိမ်းနေချိန်တွင် အတလိစားခြင်း သို့မဟုတ် သောက်ခြင်းကို ကျူးလွန်သည်နှင့် ချက်ချင်း ရိုဇာပျက်လေသည်။ ထိုအတွက် ခမ္မသတ်ထွက်မှ သို့မဟုတ် မထွက်မှ ပျက်သည်ဟူ၍မရှိပါ။

أو أكل أو شرب ما يتغذّى به، أو يُتَداوى به، فعليه القضاءُ والكفّارة.

(مختصر القدوري، ص٢٢٣).

ဤသည်ကို နားလည်သဘောပေါက်ပါက အထက်တွင်တင်ပြခဲ့သည်ကိုလည်း ကောင်းစွာနားလည်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ဆိုလိုသည်မှာ- လူတစ်ဦးသည် ကွဖ်ရ်ဖြစ်စေသောအမှုကိစ္စကို ကျူးလွန်သည်နှင့် ချက်ချင်း အီမာန်ပျက်ပြီး ကာဖစ်ရ်ဖြစ်သွားလေသည်။ ထိုအတွက် ခမ္မသတ် ထွက်ဖို့ မထွက်ဖို့ မလိုအပ်ပါ။ ခမ္မသတ်ထွက်ခြင်းသည် လူခပ်သိမ်းတို့ အမိန့်ပြည့်တ်ချက်ကို သိနိုင်ရန်ဆောင်ရွက်ခြင်းသာဖြစ်သည်။

မွတ်စ်လင်မ်ညီနောင်တို့သိရှိရန် အသိပေးလိုပါသည်။ မော်လဝီစအဒ်၏ကမ္ဘာလုံးဆိုင်ရာ(အာလမီးသဗ်လီးဂ်အမီးရ်)ဖြစ်လိုခြင်းမှာလည်း ကုမရသောရောဂါတစ်မျိုးကဲ့သို့ပင်ဖြစ်သည်။ အာလမီးအမီးရ်ဟူသည်မှာ အာလမီးရှူရာက ရွေးချယ်တင်မြှောက်မှ အတည်ဖြစ်သောကိစ္စဖြစ်ပါသည်။ အာလမီးရှူရာကို ခိုင်မာအောင်တိုးချဲ့ဖွဲ့စည်းခြင်းအား လက်မခံဘဲ ငြင်းပယ်ခဲ့ခြင်းသည် ၎င်း၏မဟာအမှားပင်ဖြစ်သည်။

၎င်း၏အိမ်တွင်းက မီးဖိုချောင်ကိစ္စမဟုတ်ပါ။ အဲဒါက သူတစ်ယောက်တည်း ဦးဆောင်ဆုံးဖြတ်လို့ရပါတယ်။ ကမ္ဘာ့အဝန်းကလူတွေ၏ ဒွန္နယာ၊ အာခိရတ်အောင်မြင်ရေး၊ အီမာန်အရေး စသည်တို့ကို ကြိုးပမ်းရန်အတွက် အာလမ်ိဳးရှူရာမရှိလို့မဖြစ်သလို အာလမီးရှူရာက ရွေးချယ်တင်မြှောက်တဲ့ ထိုက်တန်သည့်အမီးရ်မျိုးလည်းရှိရန်အရေးကြီးပါသည်။ ဒါပေမဲ့ ဖိုးလုပ်ချင်(အမီးရ်မျိုး)ကိုတော့ အမီးရ်မတင်ထိုက်ဘူးလို့ တမန်တော်မြတ်(ﷺ)၏မိန့်ခွန်းတော်က လမ်းညွှန်သတိပေးခဲ့တာကိုလည်း မှတ်သားထားပါလေ။

حدثنا محمد بن العلاء حدثنا أبو أسامة عن بريد عن أبى بردة عن أبى موسى ﷺ قال: دخلت على النبى ﷺ أنا ورجلان من قومي، فقال أحد الرجلين: أمرنا يا رسول الله، وقال الآخر مثله، فقال: إنا لا نولى هذا من سأله، ولا من حرص عليه.(رواه البخاري، رقم الحديث:٧١٤٩).

အဗူမူဆာအရ်ှအရီ(ﷺ)သခင်ထံမှ ဆင့်ပြန်ချက် လာရှိသည်။ ကျွန်တော်နှင့် ကျွန်တော်၏အမျိုးနွယ်အရ်ှအရီထဲမှ လူနှစ်ယောက် တမန်တော်မြတ် (ﷺ)ထံ ဝင်ရောက်ခစားခဲ့ရာ ထိုနှစ်ဦးအနက် တစ်ဦးက လျှောက်ထားခဲ့သည်။ အို .. အလ္လာဟ်၏ရစူလ် ကျွန်တော်တို့ကို အမီးရ်ခန့်ပါ။ အခြားတစ်ဦးကလည်း အလားတူလျှောက်ထားခဲ့သည်။ ထိုအခါ တမန်တော်မြတ် (ﷺ)သခင်က မိန့်တော်မူခဲ့သည်။ ငါတမန်တော်သည် အမီးရ်ဖြစ်ရေး အငမ်းမရလိုလားတတ်မက်သူကို အမီးရ်မခန့်အပ်ပါ။ ထို့အတူ အမီးရ်ဖြစ် ရေးတောင်းခံသူကို(လည်း) အမီးရ်မခန့်အပ်ပါ။

(ဗိုခါရီကျမ်း၊ ဟဒီးဆ်နံပါတ် - ၇၁၄၉)

အောက်ပါဟဒီးစ်တွင် အလိုဆန္ဒရှိသူကိုလည်း ဘယ်သောအခါမျှ အမီးရ်မခန့်အပ်ပါ။ ဟု ဖော်ပြထားပါသည်။

حدثنا مسدد حدثنا يحيى عن قرة بن خالد قال: حدثني حميد بن هلال حدثنا أبو بردة عن أبي موسى ﷺ قال: أقبلت إلى النبي ﷺ ومعي رجلان من الأشعريين فقلت: ما علمت أنهما يطلبان العمل، فقال:(لن - أو لا - نستعمل على عملنا من أراده).(رواه البخاري، رقم الحديث: ٢٢٦١).

ဒအ်ဝသ်လုပ်ငန်းကို ချစ်ခင်လေးစား အားပေးလုပ်ဆောင်နေကြသည့် သတ်က်ဝါတရားနှင့်အရှက်ကွန္ဒြေသိက္ခာရှိကြသော သာသနာ့ပညာရှင်လောကကြီးတစ်ခုလုံးက မေ်ာလဝီစအဒ်၏ခံယူချက်တွေနှင့် ရပ်တည်လှုပ်ရှားပြောဆိုနေမှုအားလုံးတို့သည် ကုရ်အာန်ဟဒီးစ် အစ်ဂျ်မာအ်နှင့်ဆန့်ကျင်ပြီး ရှုရီအသ်၏ဘောင်အပြင် ရောက်ရှိနေသည့်အတွက် ရွံရှာစက်ဆုပ်နေကြသည်။ နှလုံးသားတွေထဲကပါ လက်မခံကြပါ။ ဒီအဖြစ်ဟာ အလ္လာဟ်ဘက်က သတ်မှတ်ထားတဲ့အစီအစဉ်ပါပဲ။ သာသနာ့ပညာ့ရှင်တွေကို အလ္လာဟ်အရှင်က သာသနာ့ပညာချီးမြှင့်တော်မူပြီး နဗီတမန်တော်များ၏အမွေးစားအမွေခံများအဖြစ် ရွေးချယ်တော်မူ၍ သာသနာ့ပညာ၏မှတ်ကျောက်ဖြင့် မှတ်ကျောက်တင်ကာ မေ်ာလဝီစအဒ်၏လမ်းမှားမှုများကို အွမ္မသ်၏ရှေ့မှောက်ဝယ် ရှင်းလင်းတင်ပြမှုနှင့်တကွ မိမိတို့၏ရပ်တည်ချက်များကိုပါ (အွမ္မသ်အမှန်အမှားခွဲခြားရာတွင် လွယ်ကူစွာမျက်ဝါးဝါးထင်ထင် မြင်တွေ့နိုင်ရန်) တစ်ကမ္ဘာလုံးအတိုင်းအတာအနေနဲ့ပြသတော်မူခဲ့ပါသည်။ ဤသည်ကိုမှ နားလည်သဘောပေါက်မှုမရှိပါက အစွန်းရောက်မျက်ကန်း၊ နားကန်း၊ ဦးနှောက်ကန်း၊ နှစ်လုံးကန်းများဟုသာ မှတ်ယူရမည်။ အို . . အလ္လာဟ်အရှင် ဤအဖြစ်ဆိုးမျိုးထဲရောက်ရှိနေသောသူအားလုံးတို့ကို ဟေ့ဒါယသ်လမ်းမှန်ချီးမြှင့်ပေးသနားတော်မူပါ။ (အာမီးန်)

အမီးရ်ဖြစ်လိုမှုကို မတောင်းခံဘဲ အမီးရ်ခန့်အပ်ခြင်းခံရသူအား အလ္လာဟ်အရှင် ကူညီစောင်မတော်မူခြင်းအခန်း

باب: من لم يسأل الإمارة أعانه الله (عليها)

حدثنا حجّاج بن منهال قال حدّثنا جرير بن حازم عن الحسن عن عبد الرحمن بن سمرة قال قال النبي ﷺ يا عبد الرحمن بن سمرة لا تسأل الإمارة، فإنّك إن أُوتِيتَها عن مسألة وُكِلْتَ (وُكِّلْتَ) إليها، وإن أُوْتِيْتَها عن غير مسألة أُعِنْتَ عليها.... إلخ. (رواه البخاري، رقم الحديث:٧١٤٦).

အဗ်ဒွရ်ရဟ်မာန်ဗင်န်စမို့ရဟ်(رضي الله عنه)သခင်က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်(ﷺ)က ကျွန်ုပ်အား မိန့်ကြားတော်မူခဲ့သည်။ အို .. အဗ်ဒွရ်ရဟ်မာန်ဗင်န်စမို့ရဟ် အသင်အမီးရ်ဖြစ်ရေးကို မတောင်းခံနှင့် အကယ်၍ တောင်းခံလို့ အသင့်အား အမီးရ်ဖြစ်ရေးပေးကမ်းခံရလျှင် (အလ္လာဟ်အရှင်သည် အသင့်ကို အကူအညီလုံးဝမပေးဘဲ) မိမိစိတ်ရှိင်းဘက်သို့ အသင်သည် လွှဲအပ်ခြင်းခံရမည်။ အကယ်၍ အမီးရ်ဖြစ်ရေးကို အသင်က မတောင်းခံဘဲ အသင့်အား ပေးကမ်းခံရပါမူ ထိုကိစ္စအပေါ် အသင်သည် ကူညီစောင်မခြင်းခံရမည်။

(ကြည့် ဗို့ခါရီကျမ်း ဟဒီးစ်နံပါတ်။ ၇၁၄၆)

အမီးရ်ဖြစ်လိုမှုကို တောင်းခံသူအား အလ္လာဟ်အရှင်၏ ကူညီစောင်မမှုမရဘဲ ၎င်းသူ၏စိတ်ရှိုင်းဘက်သို့ လွဲအပ်ခြင်းခံရသည့်အခန်း

باب: من سأل الإمارة وُكِلَ (وُكِّلَ) إليها

حدثنا أبو معمر حدثنا عبد الوارث حدثنا يونس عن الحسن قال حدثني عبد الرحمن بن سمرة قال قال لي رسول الله ﷺ يا عبد الرحمن بن سمرة لا تسأل الإمارة فإن أعطيتها عن مسألة وكلت إليها وإن أعطيتها عن غير مسألة أعنت عليها . (رواه البخاري، رقم الحديث:٧١٤٧).

အဗ်ဒွရ်ရဟ်မာန်ဗင်န်စမို့ရဟ်(ﷺ)သခင်က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်(ﷺ)က ကျွန်ုပ်အား မိန့်ကြားတော်မူခဲ့သည်။ အို .. အဗ်ဒွရ်ရဟ်မာန်ဗင်န်စမို့ရဟ် အသင်အမီးရ်ဖြစ်ရေးကို မတောင်းခံနှင့် အကယ်၍ တောင်းခံလို့ အသင့်အား အမီးရ်ဖြစ်ရေးပေးကမ်းခံရလျှင် (အလ္လာဟ်အရှင်သည် အသင့်ကို အကူအညီလုံးဝမပေးဘဲ) မိမိစိတ်ရှိုင်းဘက်သို့ အသင်သည် လွဲအပ်ခြင်းခံရမည်။ အကယ်၍ အမီးရ်ဖြစ်ရေးကို အသင်က မတောင်းခံဘဲ အသင့်အား ပေးကမ်းခံရပါမူ ထိုကိစ္စအပေါ် အသင်သည် ကူညီစောင်မခြင်းခံရမည်။

(ကြည့် ဗိုခါရီကျမ်း ဟဒီးစ်နံပါတ်။ ၇၁၄၇)

အမီးရ်ဖြစ်ရေးကို လိုလားတတ်မက်ခြင်းသည် ရွံ့ရှာဖွယ်ကိစ္စအခန်း

باب: ما يكره من الحرص على الإمارة

حدثنا أحمد بن يونس حدثنا ابن أبى ذئب عن سعيد المقبرى عن أبى هريرة عن النبى ﷺ قال: إنكم ستحرصون على الإمارة وستكون ندامة يوم القيامة فنعم المرضعة وبئست الفاطمة. (رواه البخاري، رقم الحديث:٧١٤٨).

ဟဇ်ရသ်အဗူဟိုရိုင်ရဟ်(ﷺ)သခင် ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်(ﷺ)မိန့်ကြားတော်မူခဲ့သည်။ မုချဧကန် အသင်တို့သည် မကြာမီ အမီးရ်ဖြစ်လိုမှုကို လိုလားတတ်မက်ကြမည်ဖြစ်သည်။ ထို့နောက် ယင်းအမီးရ်ဖြစ်လိုမှုကြောင့် နောင်မကြာမီကြုံလာရမည့် ကေ့ယာမသ်နေ့တွင် အရှက်တကွဲအကျိုးနည်းမှုနှင့်ကြုံရမည်။ သို့ရှိရာ (အမီးရ်ဖြစ်လိုမှု၏နောက်) ပထမပိုင်းတွင် ဥစ္စာပစ္စည်း၊ ရာထူးနှင့် စည်းစိမ်များကို မျှော်လင့်ကြရသော်လည်း အဆုံးပိုင်းတွင် (ဖြုတ်ထုတ်သတ် ပေးလျော်ဆပ်) အနိဋ္ဌာရုံကြီးသာ ဖြစ်သည်။

(ကြည့် ဗိုခါရီကျမ်း ဟဒီးစ်နံပါတ် - ၇၁၄၈)

အခုတော့ မော်လဝီစအဒ်က (میں ہی امیر ہوں) ငါပဲ အမီးရ်ဖြစ်တယ်လို့ တည်ည် သတ်စ်ဗီးဟ်စိတ်နေတာကိုသာ ကြည့်ကြပေတော့။

အမီးရ်ရွေးချယ်ခြင်းသည် ပညာအရေးအချင်းအရကော ထိန်းသိမ်းနိုင်စွမ်းအရကော အသင့်တော်ဆုံးပုဂ္ဂိုလ်ကို ရွေးချယ်ရမည်။ မလိုလားသူကို လွှဲအပ်ရမည်။ သို့သော် အကယ်၍ တစ်ဦးတစ်ယောက်က အလ္လာဟ်အရှင်၏ကျေနပ်နှစ်သက်မှုကို ရည်ရွယ်၍ တောင်းဆိုခဲ့သည်ရှိသော် လူတို့ကလည်း (ဟူသည့်သဘောသည် လူ့နလပိန်းတုံးများကို မဆို

လိုပါ။ရှုရီအသ်ဘောင်တွင် ဘောင်ဝင်သည့် ရှူရာတာဝန်ခံများကိုဆိုလို သည်။) သို့ပါ၍ အလိုသဘောမှာ ရှူရာတာဝန်ခံများကလည်း ထိုသူ၏ အစ်ခ်လားစွ်နှင့် မှန်ကန်မှုကိုသိလျက်ဖြစ်ကြလျှင် ထိုသူ့ကို ပေးနိုင်ပါ သည်။ ထို့နောက် ဤရွေးချယ်မှုကို ရှူရာအဖွဲ့ကသာ မဖြစ်မနေ ဆောင်ရွက်သည်ဖြစ်ရမည်။ အကြောင်းမှာ အထိမ်းအကွပ်မဲ့ ငါတကော ကောမှု၊ မတရားမှု စသည်တို့ကို ကာကွယ်ရန်ဖြစ်သည်။

انتـخـاب الأصلح بمعيار العلم والحفظ، وتفويض الأمر إلى من لا يبتغيه، الا مـن يطلبه لابتغاء مرضاة الله، والناس يعرفون بصدقه وإخلاصه، ويلزمه الشورى لدفع الاستبداد.

အခုတော့ မော်လဝီစအဒ်တို့က အာလမီးရှူရာကို ဖစ်သ်နာလို့ လုပ်ချလိုက်ပြန်ပြီ။ ဒီကိစ္စမှာလည်း သူဟာ ရှုရီအသ်ကို ငြင်းတဲ့သူပဲ ဖြစ်တယ်။ ဆွဟာဗဟ်တွေရဲ့ လမ်းစဉ်ကို ငြင်းတဲ့သူဖြစ်တယ်။ (ဟဇ်ရသ် အိုမရ် (ﷺ)သခင်က မိမိမဆုံးမီ ပုဂ္ဂိုလ်(၆)ဦးကို ရွေးချယ်ပြီး ရှူရာဖွဲ့ပေးခဲ့ တယ်။ အဲဒီပုဂ္ဂိုလ်(၆)ဦးထဲက တစ်ဦးဦးကို ခလီဖာရွေးချယ်ပါ။ ပြီးနောက် ရှူရာကိုယ်တိုင်က ၎င်းခလီဖာ၏လက်ဝယ်တွင် ဗိုင်အသ်ပြု သစ္စာဆိုပါ။) ကုရ်အာန် ရဲ့အမိန့်ကို ပယ်တဲ့သူဖြစ်တယ်။ ကုရ်အာန်ကျမ်းတော်မြတ်က ရှူရာရှိရမယ်လို့ လမ်းညွှန်ထားတယ်။ အလ္လာဟ်အရှင်ကိုယ်တော်တိုင်က စူရဟ်တစ်ပုဒ် ချပေးထားတယ်။ အဲ့ဒီစူရဟ်ရဲ့အမည်ဟာ (ရှူရာ)ဖြစ်တယ်။ ယင်းစူရဟ်ရဲ့အောက်ပါအာယသ်ပါအမိန့်ကို ငြင်းပယ်သည်ဟု ဆိုလိုခြင်း ဖြစ်သည်။ (وَأَمْرُهُمْ شُورَىٰ بَيْنَهُمْ - စူရဟ်ရှူရာ အာယသ် ၃၈) ထို့အတူ စူရဟ်အာလေ့အင်မ်ရာန်၏ အာယသ် ၁၅၉ ပါအမိန့်ကို ငြင်းဆိုသည်ဟု ဆိုလိုခြင်းဖြစ်၏။

အမီးရ်ရွေးချယ်ရာတွင် ဂရုစိုက်ရမည့်အချက်သည် သတ်က်ဝါတရားရှိသူဖြစ်ရမည်။ သာသနာ့ပညာ အရည်အချင်းရှိသူဖြစ်ရမည်။ မျိုးရိုးနှင့် မျိုးနွယ်ကို အဓိကမကြည့်ရ။

قـولـه (الانتخاب) ومعيار الانتخاب هو الصلاح والصلاحية لا النسب لا القبائلية.

အခုတော့အကမ်းနောက်လိုက်တစ်စုက လူကြီးတွေရဲ့သားစဉ်မြေးဆက်ဖြစ်တယ်ဆိုတဲ့မျိုးရိုးအစွဲနှင့် အကြည်ညိုလွန်ပြီး မိမိတို့သဘောဖြင့် ၎င်းကို ဟဇ်ရသ်ကြီးလို့တွင်တွင်ခေါ်ဖို့ အစီအစဉ်ကျင်းပပြီး ခေါ်လိုက်ကြသည်မှစ၍ အကမ်းနောက်လိုက်တစ်စုတို့ထံတွင် မော်လဝီစအဒ်အမီးရ်ဖြစ်သွားသည်။ အထိမ်းအကွပ်လုံးဝမရှိတော့ပါ။ မျောက်လက် မီးတုတ်အပ်သလို ဖြစ်ပါတော့သည်။

قـوله:(من لا يبتغيه) لقوله عليه السلام: إنـا لا نولى هذا من سأله، ولا من حرص عليه.(رواه البخاري، رقم الحديث:٧١٤٩).

အမီးရ်ဖြစ်ရေးကို မလိုလားသူအား ခန့်အပ်ရမည်ဟုဆိုရသည့်အကြောင်းမှာ တမန်တော်မြတ်(ﷺ)၏မိန့်ခွန်းတော်ကြောင့်ပင် ဖြစ်သည်။ ငါတမန်တော်သည် အမီးရ်ဖြစ်ရေး အငမ်းမရလိုလားတတ်မက်သူကို အမီးရ်မခန့်အပ်ပါ။ ထို့အတူ အမီးရ်ဖြစ်ရေး တောင်းခံသူကို အမီးရ်မခန့်အပ်ပါ။ (ဗိုခါရီကျမ်း၊ ဟဒီးဆ်နံပါတ် - ၇၁၄၉)

قـولـه: (الشورى) لقوله تعالى: ﴿وَشَاوِرْهُمْ فِي الْأَمْرِ﴾ (سورة آل عمران، الآية:١٥٩).

مـن طلب سيادة على النفوس والجبر والتغلب فإنها ليست بوراثة عن أب

وجد أو شعوب وقبائل بل يستحقها من يصلح لها بمعيار الدين والديانة والعلم والصيانة. (عقيدة الطحاوي مع الحواشي والزيادات من حكيم الإسلام مولانا محمد طيّب رحمه الله، ص ١٦٠-١٦١).

သာသနာ့ကြီးပမ်းမှုအတွက် အမီးရ်ဖြစ်ရေးသည် မိမိ၏မျိုးရိုးစဉ်ဆက် ဘိုး၊ ဘေး၊ ဘီ၊ ဘင် တို့ထံမှ ဆင်းသက်လာသောအမွေမဟုတ်ပါ။ သာသနာ့ရှုထောင့်အရ ပညာအရည်အချင်း၊ သာသနာကိုင်းရှိုင်းသည့် အရည်အချင်းရှိသော ထိုက်တန်သူကိုပဲ ရွေးချယ်တင်မြှောက်ရမည်သာဖြစ်သည်။

မထိုက်တန်သူကို အမီးရ်အဖြစ် ရွေးချယ်ခံရပါက အသင်ကေ့ယာမသ်ကို စောင့်ဆိုင်းကုန်။ (ကြည့်- ဗိုခါရီ၊ တွဲ ၁၊ စာ ၂၃)

မည်သူမဆို အမီးရ်ရွေးချယ်ရာတွင် အလ္လာဟ်အရှင်၏ မုကဒ္ဒပါဠ်တော်နှင့် တမန်တော်မြတ်(ﷺ)၏စွန္နသ်တော်မြတ်ကို အသိကျွမ်းဆုံးသော ပညာရှင် ရှိပါလျက် မထိုက်တန်သည့်ပုဂ္ဂိုလ်အား အမီးရ်အဖြစ် ရွေးချယ်လက်ခံပါက ထိုသူသည် အလ္လာဟ်နှင့် အလ္လာဟ့်ရစူလ် ၎င်းနောက် မွတ်စ်လင်မ်ထုတစ်ရပ်လုံးအား သစ္စာဖောက်သူ ဖြစ်သည်။ (ကြည့်-နဆ္ဗွရ်ရာယဟ်၊ တွဲ ၄၊ စာ ၆၂)

عن أبي هريرة ﷺ قال : بينما النبي في مجلس يحدث القوم ، جاءه أعرابي فقال : متى الساعة ؟ فمضى رسول الله ﷺ يحدث ، فقال بعض القوم : سمع ما قال فكره ماقال ، وقال بعضهم : بل لم يسمع ، حتى إذا قضى حديثه قال : ((أين أراه السائل عن الساعة ؟)) قال : هاأنا يارسول الله ﷺ! قال : ((فإذاضيعت الأمانة فانتظر الساعة)) ، قال : كيف - إضاعتها ؟ قال : ((إذا وُسِّدَ الأمر إلى غير أهله فانتظر الساعة)) (رواه البخارى : ٢٣/١)

مـن تـولى من أمر المسلمين شيئاً فاستعمل عليهم رجلاً ، وهو يعلم أن فيهم من هو أولى بذلك وأعلم منه بكتاب الله، وسنة رسوله ، فقد خان الله ورسوله ، وجماعة المسلمين . (نصب الراية : ٤/٦٢)

ဖော်ပြပါအထောက်အထားအရ မထိုက်တန်သူကို ရွေးချယ်တင်မြှောက်သူ၊ လက်ခံအားပေးသူ၊ ဖိတ်ခေါ်စည်းရုံးသူ အားလုံးတို့သည် အလ္လာဟ်နှင့်အလ္လာဟ့်ရစူလ် ဂုဏ်နောက် မွတ်စ်လင်မ်ထုတစ်ရပ်လုံးအားသစ္စာဖောက်သူဖြစ်သည်။

နေ့ဇွာမွဒ္ဒီးန်မရ်ကဇ်လို ဌာနမှာပင် အီမာန်နှင့်အာခေ့ရသ်အတွက် စိုးရိမ်ရတဲ့ဌာနကြီးဖြစ်သွားပြီဆိုတော့ ရန်ကုန်မရ်ကဇ် တစ်ခြမ်းပဲ့ကပို၍ပင်ဆိုးသော ဌာနဖြစ်နေပါသည်။ ဘာကြောင့်လဲဆိုတော့ မထိုက်တန်သူကို အမီးရ်အဖြစ် လက်ခံအားပေးမှုနှင့် ဖိတ်ခေါ်စည်းရုံးမှုကို အင်တိုက်အားတိုက် အလ္လာဟ်မကြောက်ဘဲ ရှရီအသ်ကို ကျောခိုင်းကာ နှလုံးသားကန်းနေသူများပမာ လျှောက်လှမ်းနေသည်ကို ဝမ်းနည်းကြေကွဲစွာတွေ့မြင်နေရသည့်အတွက်ကြောင့်ပင်ဖြစ်သည်။

ယခုတော့ မျောက်လက် မီးတုတ်အပ်သည့်ဇာတ်လမ်းဖြစ်နေသည်။ တစ်ကမ္ဘာလုံးနှင့် တစ်ယောက်တည်း ဇွတ်တရွတ်သွားနေသည်။ ဤ အဖြစ်သည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာဖြစ်နေသည်ကို မွတ်စ်လင်မ်ညီနောင်အပေါင်းတို့ မျက်စိဖွင့် နားဖွင့် ဦးနောက်ဖွင့်ပြီး ရှရီအသ်ကိုဦးထိပ်ပန်ဆင်ကာ တတ်သိနားလည်သောစစ်မှန်သည့် သာသနာ့ပညာရှင်များ၏လမ်းမှန်ပြမှုကို လက်ခံကြပြီး အမှန်တရားပေါ်သို့သာ လျှောက်လှမ်းကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

မွတ်စ်လင်မ်ညီနောင်အပေါင်းတို့ အထူးမှတ်သားထားကြပါ။

မွတ်စ်လင်မ်မှန်လျှင် မိမိ၏အပြောအဆို အလုပ်အကိုင်များနှင့် ကိစ္စအဝဝ ကို ရှရီအသ်၏မူဘောင်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြပါ။ ရှရီအသ်၏ ဘောင်အပြင်မှ မည်သည့်ကိစ္စကိုမျှ ဆောင်ရွက်ပိုင်ခွင့် မရှိပါ။

အထူးသဖြင့် သဗ်လီးဂ်အလုပ် လုပ်ရာတွင် ရှရီအသ်မပါရှိပါက ယင်းသဗ်လီးဂ်သည် ပြုလုပ်သူနှင့် ကြားနာသူ အားလုံးတို့အတွက် (သတ်ကဲလီးဖ်) ဒုက္ခသာ ဖြစ်ပေမည်ကို အထူးမှတ်သားထားပါ။

ရှရီအသ်တရားတော်လာအမိန့်တော်များအနက်မှ ယုံကြည်ချက် ကဏ္ဍဖြစ်စေ၊ ကျင့်ရန် ကြဉ်ရန်ကဏ္ဍဖြစ်စေ တစ်ခုခုကို မသိရှိ၍ တတ်သိ နားလည်သော စစ်မှန်သည့်အာလင်မ်သာသနာ့ပညာရှင်ကို မေးမြန်း ခြင်းသည် ဆဝါးဗ်ရသောအမလ်ဖြစ်သည်။ မိမိ သဗ်လီးဂ်ကျိလ္လာတွေ ပေးပြီး နိုင်ငံတွေအများကြီးမှ ကြိုးပမ်းပြီး ပြန်လာခဲ့လျှင်လည်း ဘဝင်မြင့် မနေနဲ့၊ တွေ့သမျှလူနဲ့ သဗ်လီးဂ်ဘားပြိုင်ဖို့ဘဲ ၂၄နာရီ စဉ်းစားမနေနဲ့၊ အမှန်တကယ် ရှရီအသ် သင်လာသည် မဟုတ်သည့်အတွက် ရှရီအသ် တတ်လာသည်လည်းမဟုတ်ပါ။ သို့ပါ၍ မိမိမြို့ရွာ အရပ်တွင်ရှိသော စစ်မှန်သည့်အာလင်မ်သာသနာ့ပညာရှင်များထံ ရှရီအသ်၏သိသင့်သိအပ် သောလိုအပ်ချက်များကို သင်ယူဆည်းပူးရန်နှင့် လက်တွေ့ကျင့်သုံးရန် ဝန်မလေးပါနှင့်။ ရှရီအသ်မဲ့သော လုပ်ရပ်တိုင်းသည် ရှိုင်သွာန်၏ကျင့်စဉ် သာဖြစ်သည်။ ရှရီအသ်၏မူဘောင်နှင့်ကိုက်ညီသော ကျင့်စဉ်တိုင်းကို အစ္စလာမ်ဟုခေါ်သည်။ သို့ပါ၍ အလ္လာဟ်အရှင်က အီမာန်သက်ဝင်ယုံ ကြည်ပြီးသောသူတိုင်းကို အစ္စလာမ်သာသနာအတွင်းသို့ ပြီးပြည့်စုံစွာ ဝင်ရောက်ကြရန် အမိန့်ပေးထားတော်မူသည်။

يَـٰٓأَيُّهَـا ٱلَّـذِيْـنَ اٰمَـنُوا ادْخُلُوْا فِى السِّلْمِ كَافَّةً وَلَاتَتَّبِعُوْا خُطُوٰتِ الشَّيْطَانَ إِنَّه لَكُمْ عَدُوٌّ مُبِيْنٌ . (سورة البقرة - الآية : ٢٠٨)

အို .. အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့သည် အစ်လာမ်သာသနာအတွင်းသို့ လုံးလုံးလျားလျား (စိတ်ရောကိုယ်ပါ) ဝင်ကြကုန်လော့၊ ၎င်းပြင် ရှိုင်သွားန်၏နောက်သို့ ဖဝါးခြေထပ် မလိုက်ကြကုန်လင့်၊ ထိုရှိုင်သွားန်သည် မုချ အသင်တို့အဖို့ ထင်ရှားသောရန်သူပင် ဖြစ်ပေသည်။ (စူရဟ်ဗကရဟ်၊ အာယသ် ၂၀၈)

အိုအလ္လာဟ်အရှင်! အားလုံးကို ဟော့ဒါယသ်လမ်းမှန်အပေါ် အပြည့်အဝ လျှောက်လှမ်းနိုင်သည့်သောင်ဖီးက် အရှင့်ရှေ့တော်မှောက် ရောက်သည်အထိ ချီးမြှင့်ပေးသနားတော်မူပါစေ ..... အာမီးန်။